
ခက်ဇော်
© The Guys of Yangon, 1930 Page
ဘယ့်နှစ်ကြိုး
ခင်သုန်

လွန်ခဲ့တဲ့ဆယ်နှစ်က ကျွန်တော် ရှားရှားပါးပါး ရေးဖြစ်တဲ့ ဝတ္ထုလတ်လေး တစ်ပုဒ်ပါ။ စုန်းကဝေလိုင်းပေါ့။ အဲ့ဒီတုန်းကတော့ ကလောင်နာမည် ကိုကိုမောင် နဲ့ ရေးခဲ့တာ။ မင်းသားနာမည်က ခက်ဇော်တဲ့။

နောက်တော့ အဲ့ဒီခက်ဇော်က ကျွန်တော့် ကလောင်နာမည် ဖြစ်လာပါလေ ရောလား။ ရုပ်ရှင်အဖြစ် ဝယ်ယူပြီးသား ဇာတ်ဖြစ်သလို မကြာခင် ရုပ်ပြအဖြစ် လည်း ထွက်လာဖို့ရှိပါတယ်။

ကျွန်တော်ဘော်ဒါတချို့က ပြန်တင်ပေးဖို့ တောင်းဆိုတဲ့အတွက် သုံးပိုင်းခွဲ ပြီး တင်ပေးလိုက်ပါတယ်ဗျ။

.......................................................

# ဆယ့်နှစ်ကြိုးခင်သုန်

(၁)

"သေချင်ရင် အဆိပ်မစားနဲ့ ဒေါ်ဖွားအိ ဆီသွား"

သည်နယ်တဝိုက်တွင်တော့ ထိုစကားက အခုတလောခေတ်စားသည်။

ဘာပဲဖြစ်ဖြစ် ဒေါ်ဖွားအိရဲ့ သမီးများဖြစ်သည့် ခင်မှူနဲ့ ခင်သုန်တို့ရဲ့ အလှအပ စွဲဆောင်မှု အားကိုတော့..ထိုစကားလုံးများဖြင့်မတားဆီးနိုင်သည်က သေချာ ပါသည်။

ဒေါ်ဖွားအိ..။

စုန်း ၊အောက်လမ်း၊ မှော်ပညာရှင် များပေါသည်ဟု နာမည်ကြီးသည့် သည်နယ်တစ်ကြော ဒေါ်ဖွားအိ ဆိုသည့်နာမည်ကိုကြားလျှင် တော်ရုံ လောကီပညာတတ်ပါသည် ဆိုသည့် ပညာရှင်များပင် ဖြုံသွားတတ်ကြသည်တဲ့။

ရွာသူအဆင့် ချီးစားစုန်း မှစပြီး စုန်းမျိုး (၆)မျိုး၊ ကဝေမြှောက်စုန်း၊ အိမ်တလိမ့်စုန်း၊ ဟဲဘူးစုန်း၊ စုန်းဘီလူး၊ မှောင်နှာခေါင်းစုန်း၊ နောက်သိုးစုန်း အဆင့်လောက်တော့ ဒေါ်ဖွားအိကို သွားမယှဉ်နိုင်။

ဒေါ်ဖွားအိက တိမ်ညွှန့်စားသည့် ဆယ့်နှစ်ကြိုးအဆင့်ဟု ရွာနီးချုပ်စပ်တွင် နာမည်ကြီးသည်....။

ထိုပြင် ဒေါ်ဖွားအိသည် မွေးကတည်းက လျှာတွင်အနီစက်များပါသည်တဲ့..လျှာစက်အာစက်လို့ ခေါ်သတဲ့....။

ဒေါ်ဖွားအိအား လူအများ စသတိထားမိလာတာကတော့ သူရင်းငှားအုန်းမြင့်နှင့်ပတ်သက်သည့် ပြဿနာတွင်ဖြစ်သည်။

သူရင်းငှား အုန်းမြင့်သည် ဒေါ်ပန်းအိယောက်ျား ဦးကျား မသေခင်ကတည်းက ဒေါ်ပန်း အိ တို့လယ်များတွင် သူရင်းငှားလုပ်လာခဲ့သူဖြစ်သည်။

ဦးကျားကွယ်လွန်ပြီးသည့်နောက် အုန်းမြင့် အချိုးတွေပြောင်းလာသည်။

မုဆိုးမကြီး ဒေါ်ဖွားအိ နှင့် သမီးနှစ်ယောက်ကို သူရင်းငှားအုန်းမြင့်က အပိုင်တွက်သည်။

ရွာဘုန်းကြီးပျံတွင် ဖွင့်သည့် ကက်ဆက်ဇာတ်လမ်းတွဲများကဲ့သို့ လယ်ကူလီနဲ့ လယ်ရှင်သမီး ဇာတ်မျိုး ခင်းဖို့ စိတ်ကူးယဉ်လာသည်။

အုန်းမြင့်ချိန်နေသည်က သူနှင့် ရွယ်တူ အကြီးမ ခင်မှူ.....

အငယ်မ ခင်သုန်ကတော့ အခုမှ ဆံရစ်ဝိုင်းသိမ်းခါစ ဆံတောက် စချသည့် အရွယ်ဆိုတော့ သူစိတ်ထဲတွင်မရှိ။

အုန်းမြင့်ဇာတ်လမ်းစပုံကနည်းနည်း ကြမ်းသည်........။

တစ်နေ့ဒေါ်ဖွားအိ မရှိသည့်အချိန်တွင် ခင်မှုံတစ်ယောက် နွားတင်းကုတ်ထဲတွင် နွားစာစင်းနေသည်။ နွားတင်းကုတ်ထဲကိုအုန်းမြင့်ဝင်လာပြီး ခင်မှုံနဘေးတွင် လာထိုင်သည်။

...ခင်မှုံကို ရွာဘုရားပွဲတုန်းက မင်းသားအကြောင်းတွေ...ရုပ်ရှင်မင်းသား ပြေငြိမ်း သေသည့်အကြောင်း တွေ လာပြောသည်။

ခင်မှုံကလည်း ငယ်ငယ်ကတည်းက ကစားဖော်များဖြစ်သည့်အပြင် မိမိတို့အိမ်မှာ အလုပ်သမားဖြစ်သည့်အတွက် ရိုးရိုးသားသား ရယ်ရယ်မောမောဖြင့် စကားပြန် ပြော၏။

ထိုအခြေအနေက အုန်းမြင့်ကို ဘဝင်လေဟပ်စေသည်။ခင်မှုံက သူ့ကို လက်ခံ စကားပြောသည်ကိုပဲ သူ့ကို ကြိုက်လို့ ဟု ထင်လာသည်။

ရွာထဲတွင် လျှောက်ကြွားသည့်အခါ နဂိုကတည်းက ကျပ်မပြည့်သည့် အုန်းမြင့်ကို ရွာသားများက အဆင်းဘီးတပ်ပြီး မြှောက်ပေးကြသည်။

အုန်းမြင့် စိတ်ထဲတွင်လည်း လယ်ရှင်သမီးခင်မှုံ သည် သူနှင့်သာ လက်ဆက်ရ မည့်သူဟု အထင်ရောက်လာ၏။

ကဆုန်ညောင်ရေသွန်းပွဲမှ အပြန်လမ်းတွင် အုန်းမြင့်က ခင်မှုံကို လက်ဆွဲပြီး ရည်းစားစကား ပြောသည်။

ခင်မှုံက အတင်းရုန်းတော့ တဆင့်တက်ပြီး အတင်းဖက်သည်။

ဒေါ်ဖွားအိရောက်လာမှသာ အုန်းမြင့်ရန်က ခင်မှုံလွတ်သွားရှာသည်။

အုန်းမြင့်လည်း ဒေါ်ဖွားအိတို့ မိသားစု၏ သူရင်းငှားဘဝမှ ပင်စင်ရသွား၏။

အုန်းမြင့်၏ ဇာတ်လမ်းက ထိုနေရာတွင်ပင်မရပ်။

ဒေါ်ဖွားအိက သူ့သမီးသူအိမ်ပြန် ခေါ်သွားသည်ကို...တွံတေးသိန်းတန် ဟသ်ာတ ထွန်းရင်တို့၏ ကက်ဆက်ဇာတ်လမ်းတွဲများအတိုင်း သူနဲ့ ခင်မှုံအဆင်ပြေတာကို

လယ်ပိုင်ရှင်သူဌေးမကြီးကလူတန်းစားခွဲပြီး ဖျက်သည်ဟု ဇာတ်လမ်းထွင်ပြန်သည်......။

ညနေတိုင်း တောအရက် တစ်လုံးသောက်ပြီး ခင်မှုံတို့အိမ်ရှေ့မှာ သွားသွားအော်သည်။

ဂုဏ်ကိုမက်၊ ငွေကိုမက်တဲ့ ခနရှင်မကြီးတို့၊တို့ချစ်ခြင်း ကွင်းအောင်စေတဲ့ စုန်းမအိုကြီး တို့ လျှောက်အော်၏။

တစ်ရက်လည်းမဟုတ်၊ နှစ်ရက်လည်းမက။

အစကတော့ ဒေါ်ဖွားအိတို့ သားအမိတစ်သိုက်မှာ အုန်းမြင့်အသံကြားသည်နှင့် အိမ်တစ်အိမ်လုံးကို တံခါးပိတ်ပြီးနေသည်။

အုန်းမြင့်ကား နေ့တိုင်းလာဆဲဆိုအော်ဟစ်နေသည်မှာ တစ်ပတ်ပင်ပြည့်ခဲ့ပြီဖြစ်သည်။

ရှစ်ရက်မြောက်နေ့ကျတော့အုန်းမြင့်ပိုဆိုးလာ၏။

ခင်မှုံအချစ်လေး မင်းအမေ လူ့မလိုင်မကြီးကိုထားခဲ့ပြီး ကိုအုန်း နောက်လိုက်ခဲ့တွေ ဘာတွေ လျှောက်အော်တော့၏။နောက်ဆုံး ညစ်တီးညစ်ပတ်တွေဆဲရေးကာ အိမ်ကိုခဲနှင့် ထုသည့် အထိဖြစ်လာသည်။

ထိုအချိန်တွင် ကာလသားခေါင်းမောင်လွင် ရောက်လာပြီး အုန်းမြင့်ကိုမလုပ်ဖို့ ပြောရာမှာ အုန်းမြင့်နှင့်စကားအခြေ အတင်ဖြစ်ကြသည်။

. “ငါမိန်းမအိမ်ရှေ့ ငါဘာသာလာအသဲကွဲတာတွေ..ဘာဖြစ်လဲကွ”

အုန်းမြင့်အသံက အကျယ်ဆုံးဖြစ်သွား၏။

ထိုအချိန်တွင် ဒေါ်ဖွားအိတို့ အိမ်ရှေ့ ပြတင်းတံခါး ရုတ်တရက် ပွင့်လာသဖြင့်.....မောင်လ ွင်ရော အုန်းမြင့်ပါမောကြည့်လိုက်ကြသည်။

ဆံပင်ကို ဖားလျားချလျက် မျက်ထောင့်နီကြီးဖြင့် စိုက်ကြည့်နေသော ဒေါ်ဖွားအိပုံစံကြောင့် နှစ်ယောက်လုံး မှင်သက်မိနေကြ၏။

ဒေါ်ဖွားအိက အုန်းမြင့်တည့်တည့်ကို လက်ညှိုးထိုးလိုက်ပြီ...........

"'အုန်းမြင့်.......နင်က ငါနဲ့ ငါ့သမီးတွေကို မုဆိုးမတွေ လင်သားမရှိဘူးဆိုပြီး စော်ကားချင်တိုင်း စော်ကားကောင်း နေတယ်ပေါ့လေ...အေး..နင့်ရဲ့ ကွဲနေပါတယ်ဆိုတဲ့ အသံကို ငါအစိမ်းလိုက်စားပြမယ်"

ထို့နောက် ပြတင်းတံခါးက ဝုန်းခနဲပြန်ပိတ်သွားသည်။

မောင်လွင်က အုန်းမြင့်ကို အတင်းဆွဲခေါ်သဖြင့် အုန်းမြင့် ပြန်ပါသွားတော့သည်။...။ ထိုနေ့က ဒေါ်ဖွားအိတို့ အိမ်ရှေ့သို့ အုန်းမြင့် ရောက်လာသည်မှာ နောက်ဆုံးနေ့ဖြစ်ခဲ့သည်။

နောက်ရက်များတွင်တော့ အုန်းမြင့် နေထိုင်မကောင်းဖြစ်လာသည်။ အသားတွေ ဝါလာသည်။ မျက်လုံးတွေဝါထိန်လာသည်။

နှစ်ပတ်အကြာတွင် အုန်းမြင့်ကို မုံရွာဆေးရုံသို့ တင်လိုက်ရသော်လည်း အုန်းမြင့်မှာ သေဆုံးသွားခဲ့သည်။ ထူးခြားသည်က ရင်ခွဲစစ်ဆေးချက်အဖြေအရ အုန်းမြင့်မှာ အသဲတစ်ခြမ်းသာ ရှိတော့သည်တဲ့......။

( ၂ )

ဒုတိယအကြိမ် ဒေါ်ဖွားအိကို နာမည်ကြီးအောင်လုပ်ပေးသူက....မစန်းခင်

ဒေါ်ဖွားအိထံတွင် မစန်းခင်က သူ့ရွှေနားကပ်လေးအပေါင်ထားသည်။

သူ့ယောက်ျား ဖိုးအေးကို သင်္ဘောသား ဖြစ်အောင် ရန်ကုန်က ဦးလေးတဝမ်းကွဲက လုပ်ပေးမည်ဟုဆိုကာ လှမ်းခေါ် သဖြင့် ရွှေနားကပ်ပေါင်ပြီး ငွေထည့်ပေးလိုက်ခြင်းပင်။

တပတ်အကြာတွင်တော့ ဖိုးအေး ရွာသို့ ပြန်ရောက်လာသည်။

သူ့ဦးလေးတဝမ်းကွဲဆိုသူက ပါလာသည့်ပိုက်ဆံတွေအားလုံး လိမ်သွားသဖြင့် ဖိုးအေးတစ်ယောက် သင်္ဘောမတက်ပဲ ရွာပြန်ပြီး ထန်းပင်တက်လိုက်ရတော့၏။

ပေါင်ထားသည့် နားကပ်ကလည်း အတိုးများတက်လာနေ၏။

ရွာတွင် ရှင်ပြုတစ်ခု လုပ်ချိန်တွင် မစန်းခင်က ဒေါ်ဖွားအိထံ သွားပြီး သူ့ နားကပ်ကလေးကို ခဏငှားပါရန်နှင့် ပွဲပြီးသည်နှင့် လာပြန်ပေးမည်ဟု တောင်းပန်သည်။

ဒေါ်ဖွားအိကလည်း ကိုယ်ဝန်ကြီး တကားကားနဲ့ နာကပ်လေး လာပြန်ငှားသော မစန်းခင်ကို သနားသဖြင့် ခဏပြန်ပေးလိုက်သည်။

ရှင်ပြုပွဲကပြီးသွားခဲ့ပြီ။

……..တစ်ရက်....တစ်ပတ်…..နှစ်ပတ်…..မစန်းခင်က တော့ ဒေါ်ဖွားအိတို့ အိမ်ဘက် ခြေဦးပင် လှည့်မလာတော့…။

ဒေါ်ဖွားအိ က သမီးအကြီးမ ခင်မှုံကိုခေါ်ပြီးမစန်းခင် အိမ်ကိုလိုက်သွားသည်။

ဒေါ်ဖွားအိတို့ သားအမိ အိမ်ရှေ့ရောက်သည်နှင့် မစန်းခင်က ခုနှစ်သံချီ ဖြင့် ရန်တွေ့သည်။

..."ပိုက်ဆံပေးပြီးပြန်ရွေး ထားတာကို… ..ကလိန်ကျပြီးလာပြန် တောင်းနေတယ် အရပ်ကတို့ရေ..... ဒီအဘွားကြီး အသက်ကြီးပြီး အချိန်မစီး ဘဲ လူလည်လာကျနေပါတယ်"

"အန်တီစန်းခင် အလိုတော့ မအော်ပါနဲ့တော် လာပေါင်တုန်းကကျုပ်တို့လည်း ရှိတာပါပဲတော်"

ခင်မှုံက ဝင်တောင်းပန်သည်။

"အောင်မလေးတော် အမေခေါင်းမကြီးနဲ့ သမီး ဖာသည်နဲ့ အတိုင်အဖောက် ညီညီလာလိမ်နေပါတယ်တော့"

ဒေါ်ဖွားအိက သမီးဖြစ်သူ ခင်မှုံ လက်ကို ဆွဲကာ လှည့်ထွက်သွားသဖြင့် မစန်းခင်ပင် အော်နေရင်းက ကြောင်တက်တက် ဖြစ်သွား၏။

အိမ်ခြံစည်းရိုး အဝရှေ့တည့်တည့်ရောက်သည်နှင့် ဒေါ်ဖွားအိက မစန်းခင်ဘက်ကို လှည့်ကာ လက်ညှိုးထိုးလိုက်သည်။

ထို့နောက် မြေကြီးကို ဖနောင့်ဖြင့် ပေါက်လိုက်ပြီး..

"စန်းခင်......ညည်းငါ့သမီးလေးကို စော်ကားတယ်...ကလိန်ကကျစ်လည်း ကျ သေး.. သူများ သားသမီးလည်း စော်ကားသေး..အေးညည်းဗိုက်ထဲက ကလေး ရော..ညည်းပါ ဘာဖြစ်မလဲ စောင့်နေလိုက်။"

မစန်းခင် ကား ဆဲဆိုလျက်ကျန်နေရစ်၏။

တိုက်ဆိုင်မှုဟုပဲ ဆိုရမည်လား။

မကြာမီပင် မစန်းခင်ဆုံးသွားခဲ့သည်။

ဗိုက်ထဲတွင် ကလေးက သေနေပြီး အပုပ်ဆန်နေသည်ကို အချိန်မီမသိသဖြင့် သွေးများဆင်းကာ သေဆုံးသွားခဲ့ခြင်းဖြစ်သည်။

ထိုနောက်ပိုင်းတွင်တော့ ရွာထဲတွင် တစ်စုံတစ်ယောက် ဖျားနာ၊ နေမကောင်း ဖြစ်သည်နှင့် ဒေါ်ဖွားအိ ထံ ဟင်းစားတစ်ခွက်၊ အသီးအနှံတစ်ခုခု ရောက်လာ တတ်စမြဲ။

ရွာထဲတွင်လည်း “သေချင်ရင် အဆိပ်မစားကြနဲ့..ဒေါ်ဖွားအိဆီ သွား” ဟု ဆိုရိုး ဖြစ်လာသည်အထိ။

မည်သို့ပင်ဆိုကြစေ။

ထိုဆိုရိုးစကားသည် ယောကျ်ားသားမရှိပဲ ရပ်တည်နေကြသည့် ဒေါ်ဖွားအိနှင့် သမီးနှစ်ယောက် အတွက်တော့ လုံခြုံစေသည့်စကားမဟုတ်လား။

( ၃ )

"သေချင်ရင် အဆိပ်မစားနဲ့ ဒေါ်ဖွားအိဆီသွား " ဆိုကာမှ ဒေါ်ဖွားအိတို့အိမ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် သွားချင်နေသူတစ်ဦး ပေါ်လာသည်။

သူက ခင်မောင်ကျော်....

မုံရွာ က စပါးပွဲစား ။

အသက်က ငယ်ငယ် လူကလည်လည် ဂျပန်လုပ်ဟွန်ဒါဆိုင်ကယ်လေးတစ်စီးဖြင့် ကျေးရွာများကိုလှည့်လည်ပြီး စပါးပွဲစားလုပ်နေသည့်သူ။

ခင်မောင်ကျော် ဒေါ်ဖွားအိ အိမ်ကို စပါးဈေးစပ်ရင်း ရောက်လာရာမှ ခင်မှုံတို့ ခက်သည့် ယက္ကန်း ထည်လေးများကို သဘောကျသည်ဟု ဆိုလာသည်။

ထိုမှတဆင့်ပဲ ခင်မောင်ကျော်က ခင်မှုံယက္ကန်းထည်တွေကို မုံရွာအထိယူသွားပြီး ရောင်းချ ပေးသည်....။

ဆယ်တန်းအောင်ပြီး စာပေးစာယူတက်နေသည့် တက္ကသိုလ် ကျောင်းသား ပွဲစား လေး ခင်မောင်ကျော်၏ ဟွန်ဒါဆိုင်ကယ်လေးကို ဒေါ်ဖွားအိအိမ်ရှေ့တွင် အမြဲ လိုလို တွေ့လာရတတ်သည်။

အသားဖြူဖြူ ထောင်ထောင်မောင်းမောင်းနှင့်မြို့သားပညာတတ်ပွဲစားလေးကို ဒေါ် ဖွားအိကလည်း သူ့သမီး ခင်မှုံနှင့်သဘောတူနေသည်။

တခါတရံ ခင်မောင်ကျော်ဆိုင်ကယ်နောက်တွင် ခင်မှုံပါသွားသည်ကို တွေ့လိုက် ကြသည်။

တစ်နေ့ ဒေါ်ဖွားအိက ခင်မောင်ကျော်ကို ခင်မှုံနှင့် လူငယ်ချင်း ရည်ငံ့နေလျှင် သူ့ သမီးကို မိသားဖသားပီပီလာတောင်းရမ်းဖို့ ပြောသည်။

ခင်မောင်ကျော်က ရယ်ရယ်မောမောနှင့်ပြန်ပြောသြ၏။

"အန်တီရယ် ..ကျွန်တော်က ခင်မှုံ ကို ဘွဲ့ရပြီးမှ လက်ထပ်မယ်ရည်စူးတာပါ"

"မဟုတ်ဘူး..မောင်ကျော်..ခင်မှုံမှာ မင်းနဲ့ မင်းနဲ့.................."

ခင်မောင်ကျော် မျက်မှောင်ကြုံ့သွားသည်။

"ဟားဟား အန်တီရာ လာမနှောက်ပါနဲ့ ကျွန်တော် ဦးနှောက်မရှိတဲ့ကောင်မဟုတ်ဘူး.. တစ်ပတ်မှတစ်ရက်လောက် ဒီရွာကိုလာတဲ့ ကျွန်တော်က ဘယ်နှယ့်ခင်မှုကိစ္စရဲ့ လက်သည် ဖြစ်ရမှာလဲဗျ..ဟားဟား အန်တီဦးနှောက်မရှိတဲ့ကောင်တွေကိုပဲ အမိဖမ်းလို့ရမယ်ဗျ ကျွန်တော့်ကို လာမလုပ်နဲ့..ခင်မောင်ကျော်က စာတတ်တယ်ဗျ..ဦးနှောက်ရှိတယ်...."

ခင်မောင်ကျော်က ပြောပြောဆိုဆိုနှင့်ဆိုင်ကယ်ပေါ်တက်ခွပြီး ဝေါခနဲ မောင်းထွက်သွားသည်။

သည်တစ်ကြိမ်တွင်တော့ ဒေါ်ဖွားအိ ခံလိုက်ရသည်။

ခင်မောင်ကျော်အပေါ် အရင်လို ကျိန်စာတွေပင်မတိုက်နိုင်တော့။

သမီးဇောဖြင့် ရှိုက်ကြီးတငင်ငင် ငိုကြွေးတော့သည်။

မကြာခင်တွင်ပဲ ရွာထိပ် ချောင်းရိုးလေးတွင် ခင်မှုအလောင်းပေါ်လာသည်။

ခင်မောင်ကျော်နှင့်ရရှိသည့်ကိုယ်ဝန်အတွက်ခင်မှုကိုယ့်ကိုကိုယ် သတ်သေသွားခဲ့ပြီ....။

ခင်မောင်ကျော်သည် မုံရွာတွင် မယားကြီးနှင့်ကလေး(၂)ယောက် ရှိပါလျက်ခင်မှုအား ကျောရရုံကြံခဲ့ခြင်းတဲ့..သတင်းတွေက ရွာသို့ ပျံ့နှံ့လာတော့သည်။

ခင်မှုဆုံးပြီး တစ်နှစ်ကျော်ကြာသည်အ ဒေါ်ပန်းအိနှင့် အငယ်မ ခင်သုန်တို့အိမ်ထဲက သိပ်မထွက်တော့။

ရွာနှင့်လည်း အဆက်အဆံသိပ်မရှိကြ.......။

ရွာခံများက ခင်မောင်ကျော်ဘာများဖြစ်မလဲ ဆိုသော သတင်းကို နားစွင့်နေကြသော်လည်း ခင်မောင်ကျော် ကား ဘာမှမဖြစ်။

ရွာနီးချုပ်စပ်များတွင် ပွဲစားအလုပ်ကို လာလုပ်မြဲ။

......................................................................

ဒေါ်ဖွားအိနှင့် အငယ်မ ခင်သုန် တို့ မုံရွာမြို့သို့ တက်သွားသည်ဆိုသည့် သတင်းကြားသည့်အခါ တစ်ရွာလုံးက စိတ်ဝင်စားကြသည်။

မုံရွာတွင် နှစ်ရက်ကြာပြီးနောက် သားအမိနှစ်ယောက်ပြန်ရောက်လာသည်။

ခင်မောင်ကျော်ကတော့ ရွာနီးချုပ်စပ်တွေမှာ သွားလာနေမြဲ။

ဒီတော့ ဟိုးအရင် အုန်းမြင့်နှင့် မစန်းခင်တို့ ကိစ္စသည် တိုက်ဆိုင်မှုလေလားဟု ရွာသားများက သံသယဖြစ်လာကြသည်။

သို့သော် ထိုသံသယကား ကြာရှည်မခံပါ။

တစ်ခုသော ညနေခင်း တွင်  ဒေါ်ဖွားအိ အိမ်ရှေ့သို့ ခင်မောင်ကျော် ရောက်လာသည်။

ရိုးရိုးလာခြင်းမဟုတ်။

ငှက်ကြီးတောင်ဓါးကို ကိုင်လျက် ရောက်လာခြင်းပင်။

"စုန်းမကြီး.... ခင်ဗျား သိပ်စွမ်းတယ်ပေါ့.....ဟုတ်လား.. လာဗျာ မိစ္ဆာမကြီး ခင်ဗျား ထွက်လာခဲ့............ ခင်ဗျားနဲ့ကျုပ် စားရင်းရှင်းကြရအောင်.."

ရုတ်တရက်ခင်မောင်ကျော်၏ အော်သံကြောင့် ဒေါ်ဖွားအိတို့ အိမ်ပြတင်းပေါက်ပွင့်လာသည်။

ဒေါ်ဖွားအိကို မြင်သည်နှင့် ခင်မောင်ကျော်မှာ ဒေါသတကြီးအော်ဟစ်တော့၏။

"ဘီလူးမကြီး ခင်ဗျားဆင်းခဲ့လေ....ခင်ဗျား ပြုစားလို့ အခုကျုပ် ကလေးတွေ သေပြီဗျ.. လာ ကျုပ်ကလေးနှစ်ယောက်လို့ ခင်ဗျားလည်း သေရမယ်...လာ ခင်ဗျား သတ္တိရှိရင် တံခါးလာဖွင့်လေ အောက်လမ်းမကြီး.."

မှန်ပါသည်။

ဒေါ်ဖွားအိနှင့် ခင်သုန် မုံရွာသို့ တက်သွားခြင်းမှာ ခင်မောင်ကျော် တို့ အိမ်ကို သွားခြင်းတဲ့။

ခင်မောင်ကျော်ကတော့ ထုံးစံအတိုင်း ရွာစဉ်လှည့်ပွဲစားလုပ်နေသဖြင့် အိမ်တွင်မရှိ။ ဒေါ်ဖွားအိတို့က ခင်မောင်ကျော့်မိတ်ဆွေများဟုပြောကြသည်။

ခင်မောင်ကျော်မရှိဟု ခင်မောင်ကျော်ဇနီးက ပြောသည့်အခါ ဒေါ်ဖွားအိတို့ သားအမိ ပြန်လာခဲ့ကြသည်။

ဒေါ်ဖွားအိတို့ သားအမိ ပြန်သွားပြီး နှစ်ရက်အကြာတွင် ခင်မောင်ကျော့်သမီး အငယ်မလေး ခေါင်းမူးတယ်ခေါင်းမူးတယ်ဟုပြောကာ ရုတ်တရက် ဆုံးပါးသွားသည်။

အငယ်မလေး ရက်လည်ပြီး နောက်နေ့တွင်ပင် အကြီးဆုံးသမီး ကလည်း ခေါင်းမူးတယ်မူးတယ်ဟုပြောသဖြင့် ဆေးခန်းလိုက်ပို့ရာ လမ်းတွင်ပင်ဆုံးသွားပြန်သည်။

ကလေးငယ်နှစ်ယောက်လုံး၏ ရင်ခွဲ စစ်ဆေးချက်များအရ ကလေးငယ်များ၏ ဦးနှောက်တွင်း ဆဲလ်များ ပျက်စီးသည့်ရောဂါတစ်မျိုးဖြင့် သေဆုံးသွားခြင်းဖြစ်ကြောင်း အဖြေထွက်လာသည်။

ထိုအချိန်တွင်မှ ခင်မောင်ကျော် တစ်စုံတစ်ရာကို သွားသတိရခဲ့သည်။

တစ်ခါက သူဖျက်ဆီးခဲ့သော ခင်မှုံ၏ အမေ ဒေါ်ဖွားအိကို ပြောခဲ့မိသောစကား

"အန်တီဦးနှောက်မရှိတဲ့ကောင်တွေကိုပဲ အမိဖမ်းလို့ရမယ်လို့ရမယ်က ျူွန်တော့်ကိုတော့လာမလုပ်နဲ့

.ခင်မောင်ကျော်က စာတတ်တယ်ဗျ..ဦးနှောက်ရှိတယ်…."

အခုသမီးလေးနှစ်ယောက်လုံး ဦးနှောက်တွေပျက်စီးပြီးသေရပြီ……………။

ပြီးတော့ဒေါ်ဖွားအိဆိုတာ တိမ်ညွှန့်စားနေတဲ့ စုန်းမကြီးလို့.. ကောလဟာလတွေ.. လွန်ခဲ့သည့်ရက်ပိုင်းက အဘွားကြီးတစ်ယောက်နှင့် ကောင်မလေးတစ်ယောက် သူမရှိတုန်း သူ့အိမ်ကိုလာသွားသည်ဆိုသည့် ကိစ္စ။

အားလုံးကို ဆက်စပ်လိုက်သောအခါ ဒေါ်ဖွားအိသည် သူ့ကလေးများသေဆုံးရသည့် တရားခံဟု ခင်မောင်ကျော် ကောက်ချက်ချလိုက်တော့သည်။

ဒေါ်ဖွားအိက အိမ်ထဲမှ တည်တည်ငြိမ်ငြိမ်ပင်ထွက်လာသည်။

ရွာသူရွာသားများကလည်း ခင်မောင်ကျော်လက်ထဲတွင် ငှက်ကြီးတောင်ဓါးရှိနေသဖြင့် အရမ်းမဝင်ရဲ။

ရွာလူကြီး ဦးဝင်းမော်နှင့်ကာလသားခေါင်း မောင်လွင်တို့ကိုသွားရောက်ခေါ်သူကခေါ်ကြနှင့်..။ ဒေါ်ဖွားအိခြံတံခါးကိုအဖွင့်။

ခင်မောင်ကျော်က ပြူးကြောင်သော မျက်လုံးများဖြင့် ဆဲရေးကာ ပြေးဝင်လာသည်။

ထို့နောက် ငှက်ကြီးတောင်ဓါးဖြင့် တစ်ချက်တည်း ပိုင်းချလိုက်သည်။

ခင်မောင်ကျော်၏ ငှက်ကြီးတောင်က ဒေါ်ဖွားအိခေါင်းကို ခုတ်မိသည်။

သွေးတွေရဲခနဲ နောက်တစ်ချက်..........

ဒေါ်ပန်းအိလည်ပင်းကိုဓါးချက်တွေကျလာသည်။

ရွာသူရွာသားတွေ အော်သံက ကမ္ဘာပျက်သလို ဆူညံသွားသည်....။

သွေးအိုင်ထဲတွင်လဲနေသော ဒေါ်ဖွားအိအလောင်းကို ခင်မောင်ကျော် ကြောင်ကြည့်နေသည်။

“ဖြောင်း...ဖောင်း..ဖောင်း”

ကာလသားအုပ်စုက ခင်မောင်ကျော်အား လေးခွများဖြင့် ဝိုင်းပစ်ခဲများဖြင့် ဝိုင်းထုပြီး ဖမ်းဆီးလိုက်ကြသည်။

ခင်မောင်ကျော်အား မြို့ရဲစခန်းသို့ ပို့ရန် ကြိုးများတုတ်နေစဉ် ဒေါ်ဖွားအိတို့ ခြံတံခါးမှ တစ်စုံတစ်ယောက်ပေါ်လာသည်...........။

ခင်သုန်။ အငယ်မခင်သုန်။

သူ့အမေအား ခင်မောင်ကျော်ခုတ်ခဲ့သည့်ငှက်ကြီးတောင်အားကောက်ကိုင်လိုက်သည်.....။

အရင်လိုဆံတောက်ဝိုင်းစစဆံထုံးနှင့်မြီးကောင်ပေါက်ခင်သုန်မဟုတ်တော့။

နွားရိုင်းသွင်းချိန် မှောင်ရီဝိုးတဝါးနေရောင်ခြည်အောက်တွင်...... ဆံပင်ကိုဖားလျားချထားသည်။

ထမီကို ခပ်တိုတိုဝတ်လျက် သွေးတစက်စက်တို့ ကျနေသည့် ငှက်ကြီးတောင်ဓါးကို ကိုင်ကာ ခင်မောင်ကျော်အား စိမ်းစိမ်းကြီး ရပ်ကြည့်နေသည့် ခင်သုန်။

ခင်သုန်၏ အစိမ်းရောင်ဘက်လုနေသော ပါးမို့ဖြူဖြူတို့သည်ဆည်းဆာနေရောင်အောက်တွင် လှပ နုမွတ်နေသလောက် ခင်သုန်၏ မျက်လုံးအိမ်ကတော့ မီးဝင်းဝင်းတောက်လျက်။

"ခွေး...................မျိုး..........နင့်ကလေးတွေကိုငါ...........လုပ်တာ................

အေး.............နင့်ကလေးတွေကို အမေလုပ်တာမဟုတ်ဘူး..........ငါလုပ်တာ.....ခွေးမျိုးရဲ့ "

"အေး မမ ခင်မှုံလို နင့်မိသားစုအားလုံး သေရမယ်.........ပြီးရင် အမေ သေသလို...နင်သေရမယ်...ခွေးမျိုး...............နင်............ခွေးလိုသေရမယ်..........."

သွေးညှီနံ့တို့သင်းသင်းထနေသော ရွာလေး၏ ညနေတွင်ထိတ်လန့်ဖွယ်ရာ ခင်သုန်၏ အသံကို ခင်မောင်ကျော်သာမက ကြားရသူတိုင်းက ကြက်သီးတဖြန်းဖြန်းထကုန်ကြသည်။

ခင်သုန်က ဒေါ်ဖွားအိအလောင်းရှိရာသို့ လှမ်းလာပြီး.....ငှက်ကြီးတောင်ဓါး ဖြင့် စည်းဝိုင်းဝိုင်း လိုက်သည်။

ထို့နောက် ဒေါ်ဖွားအိ လည်ပင်းမှ ထွက်ကျနေသော သွေးများကို ငှက်ကြီးတောင်ဓါးထိပ်ဖျားဖြင့် တို့လိုက်ပြီး လျှာဖြင့်လျက်ကာ မြိုချလိုက်သည်။

ခင်သုန္ဒ မျက်ဝန်းတွင် မျက်ရည်များ တစစီ စီးကျနေသလို..ခင်သုန့်၏ နီရဲရဲစိုမည့် နေသော နှုတ်ခမ်း ဖူးဖူးတွင်လည်း ဒေါ်ဖွားအိ ၏ သွေးစက်တစ်ချို့က စီးကျနေသည်.........

"ကိုကြီး မောင်လွင်... အမေ့အလောင်းကို ရွာအပြင်မှာပဲ ထားလိုက်ပါ........အမေ့ကို မီးသင်္ဂြိုလ်ပေးပါ.. ကျွန်မ မလာဘူး......ရက်မလည်ဘူး "

ခင်သုန် က သူ့အား ကြောင်ကြည့်နေသော ကာလသားခေါင်း မောင်လွင် အားကြည့်ကာ......အမိန့်ဆန်ဆန်ပြောဆိုမှုကြောင့် မောင်လွင် ပါ တုန်တက်သွားသည်..........။

ခင်သုန်က အားလုံးကို ကျောခိုင်းပြီး ခြံအတွင်း ပြန်ဝင်သွားသည်.......။

သေခြင်းရင် အဆိပ်မစားနဲ့ ဆိုသော ဒေါ်ဖွားအိ ကတော့ သွေးအိုင်ထဲတွင် သေဆုံးသွားခဲ့ပြီ။

ခင်မောင်ကျော်က တော့ ခေါင်းငိုက်စိုက်လျက်.................................

ထိုညက ရွာကလေးသည် ထူးထူးခြားခြား ခြောက်ခြားဖွယ်ကောင်းအောင် တိတ်ဆိတ်နေတော့သည် ။

( ၄ )

"ဆယ်ရက်မြောက်တော့မမ ခင်သုန်ပြန်ထွက်လာလား"

"ဟိုကောင်ဟိုကောင်ခင်မောင်ကျော် ရော ဘာဖြစ်သွားလဲ"

ရဲဖြိုး နှင့် အာကာ၏ အမေးကို ဝင်းထိုက်က လက်ကာပြပြီး ဝီစကီ ပုလင်းကို ခွက်ထဲ ငှဲ့ထည့်လိုက်သည်။

"ဆက်ပြောမယ်.....ခဏလေးပါဟ.... ငါလခွီး.....ချီးမှပဲ"

ဝင်းထိုက်က သူတို့ရွာက ဆယ့်နှစ်ကြိုးစုန်းမ မမခင်သုန်အကြောင်းဟု အစချီကာ အရက်ဝိုင်းတွင် ပြောပြနေသည်ကို ရဲဖြိုး နှင့် အာကာ က စိတ်ဝင်စားနေသလို.....ခုတင်ပေါ်တွင်စာဖတ်နေသော ခက်ဇော် ကပါ  စိတ်ဝင်တစားလာနားထောင်သည်....။

"အေး.........(၁၀)ရက်မြောက်နေ့မှာ မမခင်သုန်ပြန်ထွက်လာပြီးသူ့အမေရဲ့ ဂူကိုသွားတယ်ကွ.....ရွာဦးကျောင်း ဘုန်းကြီး ဦးဝါယမ နဲ့ ရွာလူကြီးတွေက မမခင်သုန်ကိုသင်းချိုင်းအထိလိုက်လာ ပြီးရက်လည်လုပ်ပေးဖို့ပြောတယ်.....မမခင်သုန်က ဘာမှမပြောဘူး...... ဆရာတော်ကိုတောင် ခပ်စိမ်းစိမ်းတစ် ချက်ကြည့်ပြီးပြန်လှည့်ထွက်သွားတော့ တာပါပဲကွာ"

“ခင်မောင်ကျော်ကတော့ မခင်သုန် အိမ်ထဲပြန်ထွက်လာတဲ့နေ့ မှာပဲ မုံရွာအချုပ်ထဲဆုံးတယ်......ထူးဆန်းတာက အချုပ်ထဲမှာ ခွေးရူးပြန် သလိုဖြစ်ပြီး လက်တွေခြေတွေကို သူ့ကိုယ်သူပြန်ကိုက်တယ်တဲ့......

ပြီးတော့.....အချုပ်ခန်းသံတိုင်ကိုရဲတွေအလစ်မှာ ခေါင်းနဲ့ပြေးဆောင့်တာ ပွဲခြင်းပြီးပဲတဲ့ကွာ...အဲဒီနေ့ကစပြီး ရွာနီးချုပ်စပ်မှာ ပြောကြတဲ့ သတင်းကတော့......မခင်မှုံဆုံးပြီးတဲ့ နောက်ဒေါ်ဖွားအိဟာ မမခင်သုန်ကို ဘူးသွင်းပေးခဲ့တယ်"

"ဘာ ဘူးသွင်းတာတုန်းဟ"

"ဘူးသွင်းတယ်ဆိုတာကစုန်းတစ် ယောက်ဟာကွယ်လွန်ခါနီးဒါမှမဟုတ် သူ့ပညာရပ်တွေကို ရှေ့အဆင့်တွေ ဆက်မတက်တော့ဘဲ ရပ်နားခါနီးဆို သူ့အတတ်ပညာနဲ့ စီရင်ထားတဲ့ ဘူးပင်တစ်ပင်ကို စ စိုက်တယ်.....

ထိုဘူးပင်ကို တဲ့အခါ သင်္ချိုင်းက မြေကြီးကို ယူရတယ်.. ပြီးတာနဲ့ ပညာအမွေပေးမယ့်စုန်းပညာသည်ရဲ့ ညာဘက်လက်ညှိုးက လက်သည်းခွံရယ်... နောက်စေ့တည့်တည့်နေရာမှာ ပေါက်နေတဲ့ဆံပင်စရယ်ကိုဖြတ်ပြီး ဘူးစေ့နဲ့အတူထည့်ပြီးအဲ့ဒီမြေကြီးမှာ မြှုပ်စိုက်ရတယ်....ခုနှစ်ရက်မြောက်တဲ့နေ့မှာ အဲ့ဒီမြေနေရာကိုတံစက်ပြန်ရေ နှင့် လောင်းရတယ်"

'တံစက်ပြန်ရေ ဆိုတာ ဘာလဲဟ"

"တံစက်ပြန်ရေဆိုတာ.... အိမ်ခေါင်မိုးတံစက်မြိတ်အောက်မှာ မတ်တပ်ရပ်ပြီး ရေကိုနောက်ပြန်ပတ်တင်လိုက်..ပြီးရင် တံစက်မြိတ်က ပြန်ကျလာတဲ့ရေကိုခေါ်တာကွ.. အဲ့ဒီရေက စုန်းပညာခန်းတတ်ရာမှာ စုန်းပညာစီရင်ရာမှာ အရမ်းကို အသုံးဝင်တဲ့ရေပေါ့ကွာ"

"အဲ့ဒီလိုပျိုးထောင်ထားတဲ့ ဘူးပင်လေးက ပထမဆုံး သီးလာတဲ့ ဘူးသီးကို လကွယ်ညမှာ နက္ခတ်ကြည့်အချိန်ကိုက်ပြီးမှ တစ်ခြမ်းလှီးယူလိုက်ရ တယ် အဲ့ဒီ တစ်ခြမ်းကိုသားသမီး (၃)ယောက်ရှိရင်(၃)စိတ်၊ (၄)ယောက်ရှိရင်(၄)စိတ် စိတ်ပြီးတဲ့နောက်.. အိမ်အနောက်ဘက် ကွက်လပ်ကိုသွား သင်္ချိုင်းရှိရာအရပ်ဆီကို မျက်နှာမူပြီး အမွှေးတိုင်ကို ဘူးသီးစိတ်အရေအတွက်အတိုင်း စိုက်ပြီး........လင်ဗန်းနဲ့ ချထားရတယ်...။

ပြီးရင်ပညာသွင်းပေးမယ့်စုန်းပညာသည်က အမျိုးသားဆို ဆံပင်ကိုမဖီးမသင်၊ အမျိုးသမီးဆိုဆံပင်ကိုဖားလျားချပြီး ငှက်ကြီးတောင်ဓါးနဲ့ သူ့ လက်ဖျံသွေးကို ဖောက်ပြီး ဘူးသီးစိတ်တေ ွကိုပက်ဖြန်းရတယ်....။

ပြီးတာနဲ့.............

သားသမီးတွေကိုခေါ်ပြီး ကိုယ့်ကြိုက်ရာ ဘူသီးစိတ်ကိုရွေးယူပြီး စားခိုင်းရတယ်ကွ,,,. အဲ့ဒီသားသမီးတွေထဲကမှ စုန်းအထုံပါတဲ့တစ်ယောက်တည်းကို အခြေခံအောက်လမ်းစုန်းပညာတွေ ရောက်သ ွား ရော...... အခြေခံစုန်းပညာ သူ့ဝမ်းထဲကို ရောက်သွားတဲ့ သားသမီး ကို(၇)ရက် အကြာမှအဲ့ဒီစုန်းပညာသည် မိခင်(သို့) ဖခင်က သိရတယ်.. တကယ်လို့ စုန်းပညာရှင်ဟာ စုန်းအဆင့်(၁၂)ကြိုးကို အောင်ထားတဲ့ ကဝေပျံကိုးပါးထဲက တဆင့်ဆင့် ဆိုရင် သူ့သားသမီး စုန်းပညာရမရ (၃)ရက်အကြာမှာ သိတယ်... အေးမောက်လုံး မောက်ပြား အဆင့်ဆိုရင်တော့.......ချက်ခြင်းသိတယ်က..... ဇော်ဂနီအဆင့်ကတော့ ဘူးသွင်းတဲ့နေရာမှာပဲ ချက်ချင်းသိတယ်........."

"'ဒါဆိုကျန်တဲ့သားသမီးတွေကရော...စုန်းပညာ မရနိုင်ဘူးလား"

'"အေးကွ စုန်းမျိုးဆက်တစ်ခုမှာ သူ့အလိုလို ဝမ်းတွင်း ပညာပါလာတာမဟုတ်ရင် မျိုးဆက်တစ်ယောက်ကိုပဲ ပညာလက်ဆင့်ကမ်းခွင့်ရှိတယ်..ဒါ စုန်းပညာရဲ့

ရှေးကတည်းက စည်းကမ်းပဲ"

ဝင်းထိုက်က စုန်းအကြောင်း စိတ်ပါလက်ပါရှင်းပြနေတော့ခက်ဇော်က လှမ်းမေးလိုက်သည်။

"နေစမ်းပါအုံး ဝင်းထိုက်.. မင်းက ဒီလောက်သိနေရအောင် မင်းတို့က စုန်းမျိုးလား"

' အေး အဲ့ဒီလိုဆိုလည်းရတယ်ငါ့တို့နယ်မှာ အရင်က စုန်းကဝေဆိုတာ မိသားစုထဲမှာ တစ်ယောက်တော့ ပါစမြဲပဲတဲ့..ငါ့အဘွားရဲ့ အမေက စုန်းပညာရှင်တဲ့..ငါ့အဘွားလက်ထက်မှာ ပညာလုံးဝ ကန်းအောင် သရဏဂုံတည်ပစ်လိုက်တာ...ငါ့အဘွားကိုသူ့အမေက ဘူးသွင်းပြီး ပညာထည့်ပေးခဲ့ဖူးတယ်တဲ့အဘွား ပြောပြလို့ငါနှိုက်နှိုက်ချွတ်ချွတ်ဒီလောက်သိတာ"

"အော်ဒါဆို...စုန်းတွေက သရဏဂုံမတည်ဘူးပေါ့ဟုတ်လား"

"ဟုတ်တယ်....စုန်း ကဝေ အောက်လမ်းပညာရှင်မှန်သမျှဟာ သရဏဂုံမတည်ရဘူး.. ဘုရား တရား သံဃာကို မကိုးကွယ်ရဘူး...သူတို့ကိုးကွယ်ရာက ဇော်ဂနက်မယ်တော်ကြီးပဲ... သူတို့က ဒီပညာသင်ယူတာနဲ့ တပြိုင်နက်အဝီစိမှာ နှစ်(၈)သောင်းခံဖို့ ကျိန်းသေသွားပြီလို့ ငါ့အဘွားကပြောဖူးတယ်ကွ"

" ဒါနဲ့ မင်း မမခင်သုန်က အခုထိရှိနေသေးလား"

"ရှိတယ်..အခုဆိုအသက်(၃၀) ရှိပြီ..တစ်ကိုယ်တည်းအပျိုကြီးပဲ...(၁၂)ကြိုးခင်သုန်ဆိုတစ်ရွာလုံး

ကဖိန့်ဖိန့်တုန်အောင်ကြောက်ရတာကွ"

"မမခင်သုန်က လှရော လှလား"

"ချောချက်က ငါ့ကောင်ရေ..မင်းသမီး မေဝင်းမောင်အတိုင်းပဲ"

" မင်းပြောတာတွေကို ငါစိတ်ဝင်စားတယ်ကွ..ဒီတစ်ခေါက်ရွာပြန်ရင် ငါတို့ မင်းတို့ရွာကိုလိုက်မယ်.. မမခင်သုန်ကိုတွေ့ချင်တယ်ကွာ"

ခက်ဇော်ပြောလိုက်သောစကားကြောင့်သူငယ်ချင်းအားလုံး အံ့သြတကြီးဝိုင်းကြည့်လိုက်ကြသည်။

( ၅ )

၁၉၈၆ ခုနှစ်၊ မတ်လ

စာမေးပွဲပြီးသည်နှင့် မန္တလေးတက္ကသိုလ် မှခက်ဇော်၊ ရဲဖြိုး အာကာတို့ ဝင်းထိုက်နှင့်အတူ မုံရွာသို့ ဆင်းခဲ့ကြသည်။

မုံရွာမှ ဝင်းထိုက်တို့ရွာဆီသို့ ခရီးဆက်ခဲ့ကြသည်။

သစ်ကြီးဝါးကြီးတို့ အရိပ်အောက်မှဖုံတထောင်းထောင်း ထနေသည့် ရွာအဝင်လမ်းကလေးက လှပလွန်းသည်။

လှသော ပသော ထိုမြင်ကွင်းများနှင့် ဘာမှမသက်ဆိုင်သည့်စုန်းကဝေအတတ်ပညာများ ဒီမြေ ဒီရေမှာ ရှိနေသည်ဆိုသည်တဲ့လား ဟု ခက်ဇော်တွေးမိနေသည်။

ရဲဖြိုးကတော့ဟိုးအဝေးက ထန်းပင်အုပ်အုပ်များကိုကြည့်ရင်း နောက်နေ့ထန်းရည် လိုက်တိုက်ရန် ဝင်းထိုက်ကို ပူဆာသည်။

သပ်သပ်ရပ်ရပ်ရှိသည့်ခြံဝန်းလေးများရှေ့တွင် ဝါနယ်နေကြသည့် ကောင်မလေးများကိုကြည့်ကာ ဝင်းထိုက်က လေတချွန်ချွန်နှင့်ပါလာသည်..။

ဝင်းထိုက်တို့အိမ်က နှစ်ထပ်ပျဉ်ထောင်အိမ်အလတ်စားလေးဖြစ်သည်။ အိမ်ရှေ့တွင် ကွပ်ပြစ်အကျယ်ကြီး ခင်းထားပြီး နွားဖြင့် ဆီကြိတ်ရသော ဆီစုံလည်လေးကလည်း Country ဆန်ဆန်အငွေ့အသက် လေးဖြစ်နေသဖြင့်သူတို့ သဘောကျမိနေတော့သည်။

ဝင်းထိုက်အဖေနှင့်ဝင်းထိုက်ညီမလေးက သူတို့ကို အားရဝမ်းသာထွက်ကြိုကြသည်.... ဘာပဲဖြစ်ဖြစ် အတွေ့အကြုံအသစ်အဆန်းတွေ အတွေ့ ကြုံခက်ခက်ဇော်တို့အုပ်စု ရင်ဖို့မိတာ..အမှန်.. ။

ပြီးတော့ မန္တလေးတက္ကသိုလ်မှာတုန်းက ဝင်းထိုက်၏ ဇာတ်လမ်းများထဲ မှ ဇာတ်လိုက်ကျော် မမခင်သုန်ဆိုတာကလည်း ခက်ဇော်စိတ်ထဲ လွှမ်းမိုးထားပြန်သည်..။

အဲ့ဒီနေ့ညနေက ဝင်းထိုက်ညီမ၏ လက်ရာ အမဲသားဆီပြန်နှင့် လယ်ကန်စွန်းချဉ်ရည်ဟင်းတို့က ခရီးပန်းလာသော သူတို့(၄) ယောက်အတွက်တော့..နတ်သုဒ္ဒါ....။

ခက်ဇော်အကျင့်က မနက်ဆိုအစောကြီးထတတ်သည်...။

ဟို(၃)ကောင်ကတော့ပိုးလိုးပက်လက်အိပ်နေဆဲ...။

နာရီကြည့်လိုက်တော့မနက်(၆)နာရီ....ကြက်တွန်သံတွေ..လှည်းဝင်ရိုးသံတွေ..တစ်ချက်တစ်ချက်စက်ဘီးဘဲလ်တီးသံများကြားနေရသည်။

ခက်ဇော်ကပါလာသော သွားပွတ်တံ၊ သွားတိုက်ဆေးကိုထုတ်ပြီး မျက်နှာသစ်ဖို့ အပြင်ထွက်လိုက်သည်။

အပြင်ဘက် စဉ့်အိုးထဲက ရေဖြင့် သွားတိုက် မျက်နှာသစ်ပြီး အိမ်ရှေ့ လမ်းမဘက်ကို ငေးနေမိသည်..။

မနေ့က သူတို့လှည်းဖြင့်လာခဲ့သည့် ထနောင်းပင်တန်းအရိပ်အတိုင်း စက်ဘီးတစ်စင်း တရွေ့ရွေ့လာနေသည်..။

လမ်းတစ်ဖက်မှ နွားကျောင်းသားလေးက အုပ်ကြီးနေပုံရသော သူ့နွားပေါက်စလေးတစ်ကောင်ကို ထနောင်းရိပ်တစ်ဖက် စားကျက်ဆီသို့အတင်းနှင်လွှတ်ရာ နွားကလေးက စက်ဘီးစီးလာသူထံသို့ တည့်တည့် ဝင်တိုးမိပြီး.........စက်ဘီးမှောက်သွားတာ တွေ့လိုက်ရသည်..။

န္သားကျောင်းသားလေးက စက်ဘီးမှောက်သွားသူထံ ပြေးသွားသည်..အနားရောက်မှ အနောက်ကိုအသဲအသန်ပြန်လှည့်ပြေးသည်ကို ခက်ဇော်တွေ့လိုက်ရသည်....

စက်ဘီးမှောက်သွားသူက မိန်းကလေးဖြစ်ဟန်တူပြီး မထနိုင်....

ဒါနဲ့ပဲ ခက်ဇော် လမ်းလေးအတိုင်း အပြေးလေးသ ွားမိသည်...

စက်ဘီးမှောက်သူက မိန်းကလေးတစ်ယောက်...

"အစ်မ ဘာဖြစ်သွားလဲ."

"အား..ခြေထောက်..ခြေထောက်ခေါက်သွားတာ"

မိန်းကလေးက သူ့ကိုမော့မကြည့်ဘဲ သူ့ခြေထောက်တေ ွကိုသာ ကိုင်ပြီး ညည်းညူလျက်ရှိသဖြင့် သူမ၏ ဆံပင်နက်မှောင်မှောင်ရှည်ရှည်က သူမမျက်နှာကို ဖုံးလွှမ်းနေသည်။

"ဆံပင်တွေက လှလိုက်တာ"

အနက်ရောင်ဆေးခြယ်ထားသော ပိတ်ကားပေါ်တွင်နံနက်ခင်း နေရောင်ခြည်နုနုထိုးလိုက်သလိုမျိုး ဖြစ်နေသည့် ခင်သုန်၏ ဆံပင်အုံမှောင်မှောင်များကိုခက်ဇော်ငေးကြည့်နေစဉ်..

" အ.. လုပ်ပါအုံး ရှင်...ထူပါအုံး....က ျ ွန်မ ခြေထောက်...အ"

မိန်းကလေးအသံကြားမှခက်ဇော်သတိဝင်လာကာ လက်မောင်းမှ ဆွဲထူလိုက်သည်။

"အစ်မ...အိမ်ဘယ်နားလဲ... ကျွန်တော်လိုက်ပို့ပေးမယ်လေ"

လမ်းမပေါ်တွင် ရွာသား သုံးလေးဦးခန့်ရှိသော်လည်း တစ်ယောက်မှ လာမကူညီသဖြင့်ဒီရွာခံလူတွေ ကိုခက်ဇော် တော်တော်အံ့ဩသွားသည်။

မိန်းကလေး၏ လက်က ခက်ဇော်ပုခုံးကို ဖတ်အားပြုရင်း..ထနောင်းရိပ်လမ်းအတိုင်း လျှောက်လာခဲ့ကြသည်။

ထနောင်းရိပ်လမ်းအဆုံး လမ်းတစ်ဖက်ကိုချိုးလိုက်တော့ ရေနံ့ဝနေသော နှစ်ထပ်အိမ်မည်းကြီးကိုတွေ့လိုက်သည်..။

"အဲ့ဒီ အိမ်ပဲ ရှင့်ကျွန်မ အိမ်"

ခက်ဇော်က အိမ်ရှေ့ရောက်တော့အမျိုးသမီးကိုတွဲထားရင်း ခြံတံခါးကိုတွန်းဖွင့်လိုက်သည်။

"အိမ်ရှင်တို့..ဒီမှာ အစ်မ စက်ဘီးမှောက်လာလို့"

"ခေါ်မနေပါနဲ့..ဒီအိမ်မှာ က ျွှန်မ တစ်ယောက်တည်းနေတာ"

"ဗျာ"

ခက်ဇော်က မိန်းကလေးကိုအိမ်ရှေ့က ွပ်ပျစ်ပေါ် ထိုင်ခိုင်းလိုက်သည်။

"အစ်မ.......အိမ်မှာ ပတ်တီးတို့ ဆေးတို့ရှိလားဗျ"

"အင်း အပေါ်ထက် လှေကားတက်တက်ချင်း စင်ပေါ်မှာတော့ အမေရိတုန်းက ထားတဲ့ ကြက်ခြေနီသေတ္တာရှိတယ်..အထဲမှာ ရှိတယ်...ကူညီပေးပါအုံး"

ခုမှခက်ဇော်မိန်းကလေးအား သေသေချာချာကြည့်မိသည်။

အညိုရောင်ဖျင်ထည်အကၤျီလက်ပြတ်နှင့် အညိုရောင် ယောထမီ ဝမ်းဆက်ကို ဝတ်ထားသောကြောင့်သူမ၏ စိမ်းရောင်ဘက်သန်းနေသော ဝင်းဖန့်ဖန့် လက်မောင်းသားဖြူဖြူများက ပိုမိုပေါ်လွင်နေသည်။

ခုနက သူငေးကြည့်မိသော ဆံပင်အုံမှောင်မှောင်များကြားတ ွ င် မျက်ခုံးမှောင်မှောင်လေးနှစ်တန်း အောက်မှမျက်လုံးတေ ွ က ဝိုင်းစက်စက်လေးနှင့်ညို့ အားကောင်းလွန်းသည်။

နှုတ်ခမ်းနီနီဖူးဖူးလေးတေ ွ၏ အထက်နားတ ွင် အစိမ်းရောင်မွေးညှင်းလေးများ ခပ်ရေးရေးသန်းနေပုံက သူမ အလှကိုပိုမိုကောက်ကြောင်း ထင်စေသည်..။

ပါးစပ်ကြီးဟပြီးကြည့်နေသော ခက်ဇော်ကြောင့်...သူမ နေရခက်လာဟန် တူသည်။

"ဒီမယ်..ပတ်တီး သွားယူပေးပါ့ရှင့်.."

ဒီတော့မှ ခက်ဇော် ရှက်ရှက်နှင့် အိမ်လှေကားအတိုင်း ပြေးတက်ပြီး တန်းပေါ်မှ ဆေးသေတ္တာကို လှမ်းအယူ...အိမ်ခေါင်းရင်းဘက်တွင် တွေ့လိုက်ရသော တစ်စုံတစ်ခုကြောင့်..... လန့်ဖြန့်သွားတော့သည်..။

ဟုတ်သည်။

အိမ်ခေါင်းရင်းတွင် ဆောင့်ကြောင့်ထိုင်နေသော လူအရွယ်အစား မိန်းမရုပ်ထုတစ်ခု..။

မိန်းမရုပ်ထုက ဆစ်ဆေးသုတ်ထားသဖြင့် မဲမှောင်နေပြီး ခန္ဓာကိုယ်အချိုးအစားနှင့် ဆံပင်ပုံစံအရသာ မိန်းမရုပ်ဟု သတ်မှတ်ရခြင်းဖြစ်သည်။

ရုပ်ထုပုံစံက မိန်းမတစ်ယောက် စောင့်ကြောင့်ထိုင်ပြီး လက်နှစ်ဘက်ကိုလည်း တံတောင်ဆစ်မှကွေးပြီး လက်သီးဆုပ်ထောင်ထားပုံဖြစ်သည်။

ယင်းရုပ်ထုရှေ့တ ွင်အမွှေးတိုင်များ ထွန်းထားသည်ကိုတွေ့ရသည်..။

ခက်ဇော်အောက်သို့အမြန်ပြန်ဆင်းလာခဲ့သည်...

ဆေးသေတ္တာအတွင်းတွင်တွေ့သော ဒဏ်ကြေ လိမ်းဆေးဖြင့် သူမ၏ ခြေထောက်များကိုလိမ်းပေးဖို့ပြင်လိုက်စဉ်..

"ရှင်....ပြန်တော့.."

"ဗျာ"

"ရှင်..ပြန်တော့...ဆို"

မိမိအား ကူညီသူတစ်ယောက်ကို အမိန့်ဆန်ဆန် အထက်စီးမှ ပြောလာသော မိန်းမချောမမ အား ခက်ဇော် တအံ့တသြကြည့်မိသည်။

"ဟုတ်တယ်..ဒီအိမ်မှာက ကျွန်မတစ်ယောက်တည်းနေတာ..မသင့်တော်ဘူး"

"ဒါဆိုအစ်မ ခြေထောက်က "

"ရတယ်..ကျွန်မ ဘာသာ ဆေးလိမ်းပြီး ပတ်တီးစီးလိုက်မယ်..ရှင်သာပြန်"

"ကျွန်တော့်ကိုမယုံဘူးဆိုရင်လည်း ကျွ နတ်တော်ပြန်ပါ့မယ်..အစ်မ..ဂရုစိုက်နော်"

သူ့ကိုကူညီခဲ့သော သူ့ထက်ငယ်ပုံရသော ကောင်လေးက ယောင်နနဖြင့် အဲ့ဒီလိုလေးပြောလာတော့သူမ စိတ်မကောင်းဖြစ်ရပါသည်။

ကောင်လေးက အသားလတ်လတ်၊ အရပ်မြင့်မြင့်နှင့် ရှာမှာတော့ တစ်ခါမှ မမြင်ဘူး..ဧည့်သည်ဖြစ်မည်.. ကောင်လေးက နှုတ်ခမ်းတွေ တင်းတင်းစိပြီး သူ့ကိုခေါင်းညိတ်ကာ လှည့်ထွက်သွားသည်။

ကောင်လေး မေးစေ့မှအချိုင့်လေးတစ်ခုကိုသူမ မြင်ဖြစ်အောင်လှမ်းမြင့်လိုက်သေး၏။

စိတ်တော့မကောင်း…သူမ ဘယ်သူဆိုတာ ကောင်လေးသိရင်ဖြင့်..ယခုလို အိမ်ထဲတောင်ဝင်လိုက်ရဲမှာ မဟုတ်………။

သူမ သက်ပြင်းကို ချရင်း……………ဒဏ်ကြေလိမ်းဆေးကိုနာနာဖိလိမ်းလိုက်သည်။

( ၆ )

"ဟေ…မင်း…တွေ့ခဲ့တာ..မမသုန်ပဲ…ခက်ဇော်"

"ဘာ..သူက မင်းပြောပြောနေတဲ့ မခင်သုန်ဟုတ်လား"

ခက်ဇော်အံ့သြသွားသည်… ဝင်းထိုက်၏ ဇာတ်လမ်းတွေထဲမှ စုန်းမခင်သုန်သည် လှသည် လှသည်ဟု ကြားဖူးသော်လည်း..ဒီလောက်ချောမည်မထင်ခဲ့။

ဒီမမကတော့……

" စုန်းမလေးရယ်…..

ညှိချက်တွေ ပစ်ပစ်ထည့်ထားတဲ့အပင်း..

ငါ့ရင်ထဲ ဆံချည်မျှင်တွေ တင်းလှပြီ…

ဖြေမလျော့လိုက်ပါနဲ့…နှောင်တွယ်တဲ့ အရသာမှာ ငါ ငြိနေမိ"

"ကဲ ဖီလင်တွေလျော့ပော့…မိုးလင်းတစ်ခွက်စီးပွားတက်.. ဒိုးမယ်ပော့ ဝင်းထိုက်ရဲ့ ထန်းတောာ မှာ. နွားနောက်သား နဲ့ ပင်ကျရည်လေး.. လာ ခက်ဇော်လစ်မယ်ကွ"

အာကာက အတင်းဆော်ဩသဖြင့်သူတို့(၄)ယောက် ထနောင်းပင်တန်းလမ်း အတိုင်း ထန်းတောာ ဆီသို့ ထွက်ခဲ့ကြသည်။

မနက်က မမခင်သုန်နှင့်သူတွေ့သည့်နေရာရောက်သည့်အခါ

"ဟာ.. ဟိုမှာ မနက်က မခင်သုန်လဲကျထားတဲ့ စက်ဘီး…"

ခက်ဇော်က ပြောပြောဆိုဆိုနှင့်မြေကြီးပေါ်တ ွ င် အနေအထားမပျက်လ ဲ လျောင်းနေရှာသော စက်ဘီး လေးအား သွားထူရင်း

"ဟိတ်ကောင်တွေ သွားနှင့်ကွာ… ငါ မမခင်သုန်စက်ဘီး ပြန်ပို့ပေးလိုက်ဦးမယ်"

အသံက နောက်မှ.. လူက စက်ဘီးနင်းပြီး ခင်သုန်တို့အိမ်ဘက်ထွက်သွားခဲ့ပြီ…။

" ကလင်..ကလင်…အိမ်ရှင်တို့…အိမ်ရှင်တို့.."

စက်ဘီး ဘ ဲလ်တီးသံကြောင့်အိမ်ပေါ်ထပ် ပြတင်းတံခါးပွင့်လာသည်။

"မင်း..ဘာလာလုပ်ပြန်တာလဲ"

"မနက်က စက်ဘီးကိုလမ်းလယ်မှာ ဒီတိုင်းလ ဲနေတာတွေ့လို့

က ျွန်တော်လာပို့တာပါ မမသုန်"

သူ့မောင်လေး အရွယ်လောက်ရှိသော ကောင်လေးက သူ့ကို မမသုန်ဟု ရင်းရင်းနှီးနှီးခေါ်လိုက်သော ကြောင့်ခင်သုန်ရင်ထ ဲ နွေးထွေးသွားသည်။

အမေဆုံးပြီး အဖြစ်ဆိုးများ ကြုံပြီးကတည်းက ဒီရွာထဲတွင် သူ့ကို ရင်းရင်းနှီးနှီး ပေါင်းသင်းမည့်သူမရှိ..။

တစ်ရွာလုံးက ခင်သုန်နှင့် ဆက်ဆံရေး အတိမ်းအစောင်း အပွန်းအရှ မရှိအောင် နေခဲ့ကြရာမှ တဖြည်းဖြည်း အဆက်အဆံ မလုပ်သည့်အဆင့်ဖြစ်သွားပြီး ခင်သုန် တစ်ယောက်တည်း အထီးကျန်ခဲ့ရသည်။

အပျိုအရွယ်ဖြစ်ကတည်းက မေးထူးခေါ်ပြော အဆင့်သာရှိကြပြီး ရင်းရင်းနှီးနှီး ပေါင်းဖော်မည့်အပျိုဖော် မိန်းကလေးပင်မရှိခဲ့...............။

အခုတော့........ခင်သုန့်ကိုသူက မမသုန်တဲ့..........။

"အေး ခြံတံခါး ဖွင့်ထားတယ်"

"ဟုတ်ကဲ့...မမသုန်"

"မမသုန်.......ကျွန်တော့်ကို အိမ်ပေါ်တက်ခွင့်တောင်မပေးတော့ဘူး လားဗျာ"

ကောင်လေးက ပြုံးရင်းမေးသည်။

သူ့အပြုံးထဲမှ သွားစွယ်လက်လက်လေးများတွင် ခင်သုန်စိတ်များအရည်ပျော်ကျ သွားရတော့၏။

ခက်လှချည်ကော......ငါ့မောင်ရယ်..........။ .

ထိုအချိန်မှစတင်ပြီး နှစ်အတော်ကြာ မည်သူမျှ မနင်းခဲ့သည့် မခင်သုန်ရဲ့ အိမ် လေးထ ဲ ကို မန္တလေးတက္ကသိုလ်က လူငယ်လေးတစ်ယောက် ချောင်းပေါက် အောင်ရောက်ခဲ့လေရဲ့....။

ခက်ဇော်နဲ့ ခင်သုန်တို့ရဲ့ ကြားမှ သံယောဇဉ်များက တဖြည်းဖြည်း အရောင်ရင့် မှည့်လာကြသည်။

နဂိုကတည်းက ခင်သုန်ဇာတ်လမ်းကိုစိတ်ဝင်စားကြသော အာကာ ၊ ရဲဖြိုး နဲ့ ရွာခံ ဝင်းထိုက်သူ့ညီမ.. ဝင်းဝါ တို့ပါ ခင်သုန်အိမ်သို့ ဝင်ထွက်လာကြတော့သည်။

ခက်ဇော်နဲ့ အမှတ်မထင်ခင်မင်မိရာမှခင်သုန်ဘ၀ လေးစိုပြည်လာသည်ကတော့ အမှန်။

တစ်ရက်.........

ခက်ဇော်နဲ့ ခင်သုန်တို့ ရွာချောင်းလေးနှစ်ဘေး စက်ဘီးတ ွန်းရင်း လမ်းလျှောက်လာကြသည့်.။

" မမသုန်ကိုက ျ ွန်တော်မေးစရာရှိလို့.."

ခင်သုန်က ခေါင်ညိမ့်ပြသည်......။

"မမသုန်က ဟိုပညာတေ ွတတ်တယ်ဆိုတာ တကယ်ပဲလားဟင်"

"မမသုန်ဘာမှမဖြေခင်...မင်းထင်တာတွေ မင်းကြားတာတေ ွ ပြောကြည့်ပါအုံး"

"ရွာထ ဲကလူတေ ွ ပြောတတော့....မမသုန်ကိုမမသုန်အမေက ဘူးသ ွင်းပြီး စုန်းပညာသင်ပေးခဲ့တာဆို"

"ဟား..ဟား....ဟား"

"ငါ့မောင်ပြောတာ တဝက်မှန်တယ်တဝက်မှားတယ်.. မမသုန်က စုန်းပညာသည်ဆိုတာမှန်တယ်..

ဒါပေမယ့်မမ ကိုအမေက ဘူးသွင်းပြီး စုန်းပညာပေးခဲ့တာမဟုတ်ဘူး"

"ဗျာ............"

"ဟုတ်တတယ်...ငါ့မောင်....မင်းစုန်းတွေ အကြောင်းဘယ်လောက်သိလဲ "ကျွန်တော်ကတော့ အဲ့ဒီလောက်ပဲ သိတာပါဗျာ"

"အေး...မင်းကိုမမ အရမ်းသံယောဇဉ်ရှိလို့ ပြောပြမယ်"

......

အဲ့ ဒီနေ့ညက............

လက္ကွယ်နေ့ည..........

မမ အမေ ဒေါ်ဖွားအိက မမကိုအိပ်ရာထဲက နေလာနှိုးတယ်။ ပြီးတော့အိမ်နောက်ဘေးကွက်လပ်ကို

ခေါ်သွားပြီး.......ဘူးသီးစိတ်(၁)စိတ်ကိုကျွေးတယ်...။

အမေက သူ့ပညာတွေ မမကိုပေးမလို့ ပေါ့......။

ဒါပေမယ့်အမေ အမကိုသူ့ပညာရပ်ဖြစ်တဲ့ ဆယ့်နှစ်ကြိုးအဆင့်ကို မပေးနိုင်ခဲ့ဘူး..ဘာဖြစ်လို့လဲ ဆိုတော့...အစ်မက ဘူးသီးစိတ်ကိုစားခါနီး မှာ..........အစ်မခံတွင်းက...အလင်းရောင်တေ ထွက်လာပြီး ဘူးသီးစိတ်ဟာ လက်ထဲတင် အရည်ပျော်သွားတယ်............"

"ဗျာ..."

"ဟုတ်တယ်..မောင်လေး..အဲ့ဒီအခါမှာ မေမေ ဟာအရမ်းအံ့သြသွားတယ်... ဘာလို့လဲဆိုတော့.. အဲ့ဒီလိုအဖြစ်မျိုးဟာ..စုန်း ကေဂ ဇော်ဂနီဆိုတဲ့ အဆင့်တေ ွ ရှိတဲ့ထဲက မွေးရာပါ စုန်းအဆင့်(၁၂)ကြိုးလုံး ပါလာခဲ့တဲ့ ဝမ်းတွင်း စုန်း ဖြစ်နေလို့ပဲ"

ခက်ဇော် ပါးစပ်အဟောင်းသား။

"ဟုတ်တယ်...မမ ဒီပညာကိုတတ်မြောက်နေတယ်ဆိုတာ ၁၃ နှစ်သမီးလောက်ကတည်းက သိနေခဲ့တာ............ ဒါကိုမေမေ လုံးဂ မရိပ်မိခဲ့ဘူး.... မမစိတ်ထ ဲမှာ လူတစ်ယောက်ကို မကျေနပ်လို့ စိတ်ထ ဲက ကျိန်စာတိုက်ပြီး စိုက်ကြည့်လိုက်တယ်ဆိုတာနဲ့ အဲ့ဒီသူမှာ ကျိန်ဆဲတဲ့အတိုင်းမဖြစ်တောင်တစ်ခုခုဖြစ်တော့တာပဲ..။

ဒီတော့ဝမ်းတ ွ င်းစုန်းဆိုတာ အမိဝမ်းထ ဲ က လာကတည်းက သူတစ်ပါး အကျိုးယုတ်စေဖို့တန်ခိုး တစ်ခုပါလာတဲ့ လူတစ်မျိုးပဲ..........

မမ ဒီဘဂ ကိုစိတ်ကုန်တယ်........ မမဒေါသကြောင့်လူတွေ ဒုက္ခရောက်တာမြင်တိုင်း စိတ်ဆင်းရဲရ တယ်.............အဲ့ဒီ ပညာရပ်ကြောင့်ပဲ မမကိုလူ

ပတ်ဝန်းကျင်က ဖယ်ကြည်ခြင်းခံခဲ့ရတယ်... ဒီဝဋ်ကြွေး ကြီး ကုန်ဖို့ နည်းလမ်းကို လည်း မမ မသိဘူး.........."

"ဒါဆိုမမ စုန်းပညာ ဆိုတာ ဘူးသွင်းရင်သွင်း မသွင်းရင် ဝမ်းတွင်းပါဖြစ်ဒါမှ မဟုတ်ရင်သင်ယူလို့ မရဘူးပေါ့"

' ဝမ်းတွင်းစုန်း ဆိုတာ စုန်းပညာသည်တစ်သိန်း မှာ တစ်ယောက်ပါခဲ့တယ်...စုန်းပညာကိုအစက သင်ယူမယ်ဆို အဆင့်တွေ အများရှိတယ်.....သူတစ်ပါးကိုအစာထဲ အပင်းသ ွ င်းပြုစားတ ဲ့ ပညာ ရှာသူအဆင့်၊ သူတစ်ပါးကိုနာနာရုပ်နဲ့ တိုက်ခိုက်ရတဲ့အတိုက်အဆင့်....... သူတစ်ပါးကို အောက်လမ်းပစ္စည်းတေ ွ နဲ့ တိုက်ခိုက်ပြုစားရတ ဲ့ ပြုစုန်းအဆင့်.. ညသန်းခေါင်း အညစ်အကြေးတေ ွ ကို စားပြီးမှကိုယ့်တန်ခိုးကို ရယူတဲ့ကျင်းစားအဆင့်.. အ ဲ့ ဒီကနေ ဆယ့်နှစ်ကြိုးအဆင့်အထိ........ကျော်ဖြတ်ပြီးမှ ကဝေ..ဇော်ဂနီ အဆင့်အဆင့်ဆင့်ကို ဖြတ်ရမယ်.....မောင်လေး.."

'ပြီးတော့စုန်းပညာရပ်ကိုစသင်ပြီဆိုတာနဲ့ (၁) သရဏံဂုဏ် တည်ခွင့်မရှိတော့ဘူး (၂) တည်ပြီးသာ သရဏံဂုံလည်းပျက်စီးမယ် (၃) ကိုယ်မိရိုးဖလာ ဘာသာဘုရားတွေ အစား ဇော်ဂနက်မယ်တော်ကြီးကိုသာ ပသကိုးက ွ ယ်ရမယ်....အဲ့ဒီ အတွက်စုန်းတွေ ရဲ့ လားရာဟာ မဟာအဝိစီပဲ...."

"ကျွန်တော်စုန်းပညာ သင်ချင်တယ်...........မမသုန်"

"ဟင်.............."

ခင်သုန်က ခက်ဇော်ကိုအံ့သြတကြီး စိုက်ကြည့်လိုက်သည်.......။

( ၇ )

"ဘယ်လိုပြောလိုက်တာလဲ ခက်ဇော်ရယ်... စုန်းပညာဆိုတာ အပါယ်လားဖို့ ကျိန်းသေ အာမခံထားတဲ့ ပညာရပ်ပါလို့ မမ ခုနက ပြောခဲ့ရဲ့သားနဲ့....မင်းက

ဘာလို့သင်ချင်ရတာလဲ"

"မဟုတ်ဘူး..မမ..ကျွန်တော် ဒီကိုလာတဲ့ ရည်ရွယ်ချက် နံပါတ်(၁)က အဲ့ဒီ စုန်းပညာကို သင်ချင်လို့ပဲ... နံပါတ်(၂)ကတော့ မမခင်သုန် ကို တွေ့ချင်လို့ပဲ.........မမ...ကျွန်တော့်ကို စုန်းပညာ သင်ပေးလို့ရလား..မမ"

"မမ.....မင်းကို လုံးဝ မသင်ပေးနိုင်ဘူး.....ခက်ဇော်... ဒီအကြောင်း မင်းဆက်ပြောမယ်ဆိုရင် မမ အိမ် မင်းဘယ်တော့မှ မလာနဲ့တော့....ဒါ....မမ မင်းကို သံယောဇဉ်ရှိလွန်းလို့ ပြောရတာပါ...သိလား"

"ကျွန်တော်က စုန်းပညာကို စိတ်ဝင်စားတယ်...ပြီးတော့...အဝိစိ ဆိုလည်း ဘာဖြစ်လဲ..မမသုန် ပါတာပဲ...နှစ်ယောက်အတူတူ သွားကြတာပေါ့ဗျာ......မမသုန်ပါရင် ကျွန်တော် အဝီစိလည်း မကြောက်ဘူး"

ခက်ဇော် ၏ စကားလုံးတွေကြောင့် ခင်သုန်တစ်ကိုယ်လုံး နွေးထွေးသွားသလို..အရင်လို တစ်ကောင်ကြွက် ခင်သုန် မဟုတ်တော့ပါလား ဆိုသည့် အတွေးမျိုးကြောင့် အားရှိသွားမိသည်ကတော့ အမှန်။

ထိုနေ့ကစပြီး ခက်ဇော် နှင့် စကားအတိုက်အခံမပြောချင်သဖြင့် ခင်သုန်တစ်ယောက် ရှောင်နေခဲ့သည် ။ ခြေထောက်ကလည်း သက်သာလာပြီဖြစ်သဖြင့် စက်ဘီးဖြင့် တစ်ဖက်ရွာက စာရင်းငှားချထားသည့် လယ်တွေဆီ တစ်နေကုန် လျှောက်သွားနေမိသည်............။

“မမခင်သုန်......လို ဘဝ မျိုး မင်းမရောက်ချင်ပါနဲ့......ခက်ဇော်ရယ်...။ အဝိစီ အထိလည်း အတူမလိုက်ချင်ပါနဲ့.”

သို့သော်ငြား ခင်သုန်နဲ့ ဆုတောင်းမပြည့်ခဲ့ပါ.....................။

.............................................................

ခက်ဇော် က ဝင်းထိုက်အဖေနှင့်အတူ နွားမွေးသည့် စားကျက်များဆီ ခြေဦးလှည့်နေသည်။...

ဝင်းထိုက် အဖေ ၏ နွားများကို ထိန်းကျောင်းရသည့် ဘကြီးမိုး နှင့် ခက်ဇော်တို့ စကားလက်ဆုံကျရင်း ရှေ့မှီနောက်မှီ ဘကြီးမိုးကို တချိန်က ထိုနယ်တွင် မှော်ပညာထွန်းကားခဲ့သည့်အကြောင်းများ မေးမြန်းမိသည်..။

"ဘကြီးတို့ခေတ်တုန်းက...ဒီဒေသသားဆိုရင် အောက်ပြည်က တော်ရုံမှော်ပညာရှင် တွေ စုန်းတွေ..အမှောက်ပယောဂ တွေ က လေးစားကြတယ်ကွ.. အဲ့ဒီလို လေးစားအောင်လည်း ဆရာတွေက ပညာတွေကို စနစ်တကျအမွေပေး အမွေခံ ထိန်းသိမ်းခဲ့ကြတာကိုး."

"နေပါအုံး ဘကြီးမိုးရဲ့ စုန်းပညာသင်တဲ့နေရာမှာ သွေးသားရင်းဆိုရင် ဘူးသွင်းပြီး ပညာလက်ဆင့်ကမ်း တယ်လို့ ကျွန်တော်ကြားဖူးတယ်..သွေးသားမတော်စပ်တဲ့ သူကိုကျတော့ရော ပညာသင်ပေးလို့မရဘူးလား"

"အင်း...စုန်း က ဆန္ဒရှိလို့ရှိရင် သူ ပေးချင်သူကို ပညာသင်ပေးလို့ရတယ်... နောက်တစ်ခုက စုန်းပညာသင်ယူချင်တဲ့သူဟာ စုန်းပညာသင်ချင်တယ်ဆိုရင် လပြည့် နေ့ ညနေနေဝင်ရီတရောမှာ စုန်းရှိတဲ့ခြံဝန်းရဲ့ အနောက်ထောင့်ဘက်က နေ နန္နင်းနယ်ထားတဲ့ ဆန်တစ်ဇလုံ ထဲမှာ ကြွက်မြီးမပါတဲ့ အုန်းသီးကို ထည့်..ဝါးနဲ့လုပ်ထားတဲ့ စက္ကူတံခွန်တိုင်လေးချောင်းကို ထိုးပြီး..ခေါင်းပေါ်ရွက် သွားရတယ်.. သူ အနောက်ထောင့်ဘက်ကနေ စုန်းပညာသည်ရဲ့ ခြံရှေ့တည့် တည့်ကို ရပ်မိပြီဆိုရင်...စုန်းပညာသည်ဟာ သူ့ကို ပညာအမွေခံ တပည့်အဖြစ် ပညာမဖြစ်မနေသင်ပေးရတော့မယ်ကွယ်.....ဒါ မြန်မာ့ရိုးရာစုန်းအတတ်ပညာရဲ့ ရှေးစည်းကမ်းပဲ..........

ဒီစည်းကမ်းဓလေ့ရဲ့ အဓိပ္ပါယ်က ဘာကိုဆိုလိုတာလဲဆိုတော့ လပြည့်နေ့တွေဟာ စုန်းတွေရဲ့ ပညာအဆင့်တတ်တဲ့နေ့..တစ်ခါတစ်ရံ စုန်းအချင်းချင်း ပညာပြိုင်ရာ နေ.. စုန်းတောက်စားရာနေ့တွေပဲ...

ဒီလိုနေ့မျိုးမှာ နန္နင်းနယ်ထားတဲ့ဆန်နဲ့ ကြွက်မြီးမပါတဲ့အုန်းသီးကို သယ်လာသူ က စုန်းရှေ့ရောက်လာတာ ဟာ စုန်းရဲ့ ပညာခန်းကို ရှေ့တစ်ဆင့်တက်ဖို့လိုအပ် တဲ့ ဒီအစီအရင်တွေနဲ့ လာကူညီပါတယ်ဆိုတဲ့ အဓိပ္ပါယ် နဲ့ အတူ အဲ့ဒီလိုကူညီသူ

ကို စုန်း က သူ့ပညာအခြေခံကို ကျေးဇူးဆပ်တဲ့အနေနဲ့ သင်ပေးရမယ်လို့ ရှိသကွဲ့..."

"အဲ့ဒီလို မိမိနဲ့ သွေးမတော်သားမစပ်လူမျိုးကို စုန်းပညာသင်ပေးမယ်ဆိုရင်လည်း ဘူးသွင်းသလိုမျိုး ဘူးသီးစိတ်ထဲ ပညာရပ်ထည့်ပြီး ကျွေးရုံနဲ့ စုန်းပညာကို မရဘူး..... အဲ့ဒီလပြည့်ညပြီးလို ပထမဆုံး လကွယ်ည မှာ အရမ်းကိုအောက်တန်းကျ ညစ်ညမ်းလှတဲ့ အစီအရင်တွေပါတဲ့ အခြေခံတွေ ကိုစသင်ပြီး အဆင့်ဆင့် ခက်ခက်ခဲခဲသင်ယူရတယ်.... အဲ့ဒီအစီရင်တွေကို သင်ယူသူကိုယ်တိုင်က ချိုးဖောက်ခွင့်မရှိသလို... သင်ပေးတဲ့ စုန်းကလည်း ချိုးဖောက်ခွင့်မရှိဘူး....... အစကနေ အဆုံးအထိသင်ပေးရတယ်.... အစီအရင်တွေက အရမ်းကိုကြောက်စရာကောင်းပြီး ညစ်ညမ်းတဲ့အတွက် ဆက်မသင်ချင်လို့ မရဘူး.. အဲ့လိုပဲ.. စုန်းပညာရှင်ကလည်း ဆက်မသင်ပေးချင်လို့မရဘူး... ဖောက်ဖျက်တဲ့သူကို ဇော်ဂနက်မယ်တော်ကြီးရဲ့ အစေအပါးကဝေတွေက ဝိညာဉ်နုတ်ပစ်တယ.. ဒါကြောင့် ဒီပညာဟာ အရမ်းကြောက်စရာကောင်းတဲ့ ကျိန်စာတစ်မျိုးပါပဲ... လူလေး"

ဘကြီးမိုး ထံမှ ပြန်လာပြီးနောက် ခက်ဇော် စဉ်းစားနေသည်။

သဘက်ခါသည် လပြည့်နေ့ည...

.....................................

( ၈ )

ခြံရှေ့တွင်......ဆန်ဇလုံးကို ရွက်လျက် မတ်တပ်ရပ်နေသည့် ခက်ဇော် ကို ကြည့်ပြီး ခင်သုန် ပါးစပ် အဟောင်းသားဖြစ်သွားသည်..........။

"ခက်ဇော်....မင်း..........မင်း...မင်းကွာ......."

"ဟုတ်တယ် မမသုန်.... ကျွန်တော့်ကို ဒီနေ့ကစပြီး တပည့်အဖြစ်လက်ခံပါတော့"

"မင်းကို မမ အတန်တန် တားရက်နဲ့… အေး မင်းထိုက်နဲ့ မင်းကံပဲ မင်းက လူမိဿ ဖြစ်ချင်နေမှတော့…

အေး နောက်ဆယ့်ငါးရက်တိတိ လကွယ်ည(၁၁)နာရီကျရင် မင်း..ဒီအိမ်ရှေ့ကို ပြန်လာခဲ့….

ငါ မင်း ဆရာဖြစ်သွားပြီ…………မင်းကို ငါ့ဆယ့်နှစ်ကြိုး ပြီးတဲ့အထိ…ပညာ ဂိုဏ်းတက်ရတော့မယ်"

"မမသုန်…….ကျွန်တော့်ကို ခွင့်လွှတ်ပါဗျာ"

ခင်သုန်က ခြံဝန်းတံခါးကို ဝုန်းခနဲ့ ဆောင့်ပိတ်ပစ်လိုက်သည်။

ခင်သုန် ခြံရှေ့ ဗာဒံပင်အောက်က ခုံတန်းလေးမှာ ခက်ဇော် ခေါင်းငိုက်စိုက်ချ ထိုင် နေလိုက်သည်..။

“မမသုန် ရေ………………ခွင့်လွှတ်ပါဗျာ။

ကျွန်တော် ဒီပညာတတ်မှ ဖြစ်မှာပါ…. ဒီပညာတတ်မှ ကျွန်တော့်အမေကို အပင်း သွင်းပြီး ပြုစားခဲ့ တယ်ဆိုတဲ့…. လူတွေကို ကလဲ့စားချေနိုင်မှာ…… ကျွန်တော်…..မမသုန် စေတနာကို နားလည်ပါတယ်.. ဒါပေမယ့်..ကျွန်တော် ကိစ္စ တွေပြီးရင်တော့…….မမသုန် ရှိရာ ကျွန်တော်ပြန်လာပြီး..ဒီအိမ်လေးမှာ.. ကျွန်တော်တို့………………”

ခက်ဇော် က ခင်သုန်ရှိနေမည့် အိမ်ပြတင်းလေးအား ငေးပြီး တွေးနေခိုက်…..

မခင်သုန်၏ ခြံဝန်းအတွင်းမှ " ဝုန်း " ဆိုသည့် အသံအုပ်အုပ်ဖြင့် မီးလုံးကြီး တစ်လုံး ကောင်းကင်ပေါ်သို့ ထိုးတက်သွားသည်ကို မြင်လိုက်ရသည်..။

ခက်ဇော် ပါးစပ်အဟောင်းသားဖြင့်ကြည့်နေခိုက်… မီးလုံးကြီးက ဟိုးအမြင့်ကြီး ကို အ ရှိန်ဖြင့် ထိုးတက် သွားရာမှ..ခက်ဇော်ထိုင်နေသော ဗန်ဒါပင် တည့်တည့်သို့ အရှိန်ဖြင့် ထိုးဆင်းလာသည်။

ခက်ဇော် ကြောက်လန့်ပြီး ဗန်ဒါပင်အောက်က ပြေးထွက်တော့မှ မီးလုံးကြီးက ကောင်းကင်ပေါ် ပြန်ထိုး တက်သွားသည်။

မီးလုံးကြီး ထိုးတက်သွားသည့်အရပ်က ရွာအရှေ့ဘက်ကောင်းကင်ဆီသို့ ဖြစ်သည်..

အရှေ့ဘက်ကောင်းကင်ကို ခက်ဇော်လိုက်ကြည့်နေခိုက်.............အခြားမီးလုံး တစ်လုံးလည်း ထပ်တက်လာပြီး မီးလုံး(၂)လုံး ကောင်းကင်တွင် လှည့်ပတ်နေကြသည်။

လပြည့်ည၏ အလင်းရောင်အောက်ဝယ်.. မီးလုံး ကြီးတွေ (၄)(၅)လုံးဖြစ်လာသည်ကို ခက်ဇော် အံ့သြတကြီး ငေးမောနေမိတော့သည် ။

အိမ်ရောက်တော့ ဝင်းထိုက်အဖေကို သူ မမခင်သုန်ထံ ဆန်ဇလုံထမ်းသွားသည့် ကိစ္စကိုမပြောဘဲ မီးလုံးကြီး တွေကိစ္စကို ပြောပြလိုက်သည်...။

"အေး...ငါ့တူပြောပုံအရဆို မီးလုံးကြီး(၄)(၅)လုံးဆိုတော့ မကြာခင် စုန်း ပညာသည်အသစ်တစ်ယောက် ပေါ်လာဖို့များပြီကွာ.. တို့ရွာကလူ မဖြစ်ပါစေနဲ့လို့ပဲ ဆုတောင်းရမှာပေါ့"

"ဦးလေး နည်းနည်းရှင်းပြပါအုံး..အဲ့မီးလုံးတွေနဲ့ စုန်းတစ်ယောက်ပေါ်မှာနဲ့ ဘာဆိုင်လို့တုန်း"

"အဲဒါကို စုန်းတောက်တယ်လို့ခေါ်တယ်.. လပြည့်ညတွေဆို (၁၂)ကြိုးကဝေ အဆင့် စုန်းတွေက ကောင်းကင်တိမ်ညွှန့်တက်စားရင်း စုန်းတောက်ကြသလို အောက်အဆင့်စုန်းဖြစ်တဲ့ စုန်းတွေက မစင်တွင်းတွေထဲ.. အိမ်ကြို အိမ်ကြား တွေ..တောတောင်တွေထဲ စုန်းတောက်ကြရတယ်"

"တစ်ခါတစ်ရံ (၁၂)ကြိုးစုန်း အချင်းချည်း မတည့်တဲ့ အခါတို့ နယ်လုတဲ့အခါမျိုးဆို.. ကောင်းကင် မှာ စုန်းတောက်ရင်း ပညာပြိုင်ကြတယ်.... ပညာခန်းဖလှယ်ကြတယ်... အဲ အခုလို စုန်း (၄)(၅)ယောက် စုဝေးပြီး စုန်းတောက်တာကတော့... နယ်အတွင်းမှာရှိတဲ့ အဆင့်မြင့် ၁၂ ကြိုးစုန်းအချင်းချင်း တွေ့ပြီးတော့.. ငါ့ (၁၂)ကြိုးအဆင့်ကို လူတစ်ယောက်ကို ပညာခန်းတက်ပေးတော့မယ် ဆိုတာကို

အသိပေးညှိနှိုင်းတဲ့ သဘော ကွ……… ဒီနယ်တဝိုက်မှာတော့ ဦး ကြားဖူး သလောက် ဆယ့်နှစ်ကြိုးအဆင့်ဆိုလို ဒီနယ်တစ်ဝိုက်မှာ ဦးတို့ရွာက မယ်ပန်းအိ သမီး ခင်သုန် နဲ့ တောင်ဘက်ပိုင်းရွာတွေက (၃)ယောက်လောက်သာရှိတာ… အေးကွာ.. ငါ့တူလည်း မိုးချုပ်ပြီ..အိပ်တော့..ခင်သုန် ဆီ စိတ်စွဲနေရင်တော့..တိမ် ညွှန့်စားနိုင်အောင်ကြိုးစားပေါ့ ငါ့တူရာ"

ဝင်းထိုက် အဖေက နောက်ပြောင်ပြောသော်လည်း ညနေက သူ ဆန်ဗန်း ရွက် တာကို သိများ သိသွားသလားဆိုပြီး ခက်ဇော်တွန့်သွားသည်.. ။

( ၉ )

လမိုက်ည………

ခက်ဇော် နှင့် ခင်သုန် တို့အတွက်……….ပိုမှောင်နေသည့်ည…..။

(၁၁)နာရီတိတိတွင် ခင်သုန် ခြံတံခါးပွင့်လာသည်…..

"လာ..ခက်ဇော်…..မသုန် နောက်လိုက်ခဲ့"

လမိုက်ညအမှောင်ထဲတွင် ခင်သုန်က ရေနံဆီမီးတုတ်ကို ကိုင်ရင်း အိမ်ခြံ အနောက်ဘက်သို့ သွားသည်။

ရေနံဆီမီးတုတ် အလင်းရောင် အောက်တွင် ဆံပင်ဖားလျားချပြီး သူ့ရှေ့က သွား နေသော ခင်သုန် ကို ကြည့်ပြီး ခက်ဇော်.. စိတ်တွေ နည်းနည်းရွံ့လာသည်…

သူ ဒီညက စပြီး စုန်းပညာ သင်ရတော့မှာပါလား..။

နောက်ဘေးခြံကွက်လပ်ရှိ စားပွဲခုံတစ်လုံးရှေ့တွင် ခင်သုန် က ရပ်လိုက်သည်..။

မီးတုတ်ကို မြေကြီးမှာ စိုက်လိုက်ပြီး… ..စားပွဲခုံပေါ်က ရေခွက်ကို ယူလိုက် သည်..။

"ခက်ဇော်.. မင်း ဟို အိမ်နောက်ဘက်က တံစက်မြိတ် နားမှာ မတ်တပ်သွားရပ်ပါ"

ခက်ဇော် က မီးတုတ်အလင်းရောင်ဖြင့် ခပ်ရေးရေးမြင်နေရသော ခင်သုန် အိမ် တံစက်မြိတ်တွင် မတ်တပ်သွားရပ်နေလိုက်သည်....

ခင်သုန် က စားပွဲခုံရှေ့တွင် ဒူးထောက်ပြီး ရေခွက် ကို ခေါင်းပေါ်တင်ပြီး တစ်စုံတစ်ရာကို ရွတ်ဆိုနေ သည်..။

ပြီးနောက် ခက်ဇော် ဆီ လျှောက်လာပြီး ရေခွက်ကို ကမ်းပေးသည်.........

"ကဲ....ခက်ဇော်.. မင်း ဒီရေခွက်ကို ကိုင်ပြီး တံစက်မြိတ်ပေါ် ရေကို နောက်ပြန် ပက်တင်လိုက်..

ပြီးရင် ပြန်ကျလာတဲ့ ရေကို မင်းဒီခွက်နဲ့ ပြန်ခံပြီးတာနဲ့ ချက်ခြင်း မော့သောက်ရ မယ်.."

"ဒါဟာ စုန်းပညာရဲ့ အခြေခံဖြစ်တဲ့ တံစက်ပြန်ရေသွင်းတဲ့ အစီအရင်ပဲ.. တံစက် ပြန်ရေ ဟာ မင်းကို တစ်ခြား ပညာသည် စုန်းကေဝ တွေကို ပညာသည်မှန်း သိ နိုင် မြင်နိုင်ပြီး အပင်းသွင်းခြင်း အမှောက် အတိုက် ပြုစားခြင်းကနေ ခံနိုင်ရည်ရှိ အောင် ကူညီပေးလိမ့်မယ်..ကဲ..စတော့..။

ရေတွေကို မြို့ချပြီးသည့်အခါ......ခက်ဇော်မျက်စိထဲ....ပြာဝေသွားသည်။

ပတ်ဝန်းကျင်ကလည်း အရင်လောက် မမှောင်တော့သလို ခံစားလာရသည်။

မီးတုတ်အလင်းရောင်က ပြာလဲ့လဲ့ဖြစ်နေသည်ဟု လည်း ခံစားလိုက်ရ၏။

ခင်သုန့် ကိုကြည့်လိုက်သည့်အခါ မီးရောင်လဲ့လဲ့အောက်တွင် ခင်သုန်၏ ခန္ဓာကိုယ်မှာ စိမ်းပုပ်ပုပ်အရောင်တွေထွက်နေသည်ကို မြင်လိုက်ရသည်။

"ကဲ..အခြေခံအဆင့် ရပြီ.... ဒုတိယ အဆင့်အနေနဲ့ မင်း ဇော်ဂနက် မျက်ကွင်း လိမ်းရမယ်"

"လာ အိမ်ပေါ်လိုက်ခဲ့.........."

မမသုန် အိမ်လှေကားတစ်လျှောက် ဖယောင်းတိုင်မီးတွေ ထွန်းထားသည်။

အိမ်ပေါ်ရောက်ရောက် ခြင်း သူတွေ့လိုက်သည်က မမသုန်အိမ် ပထမဆုံးအကြိမ် စရောက်တုန်းက သူမြင်လိုက်ရသည့် မိန်းမရုပ်ထု။

သူနေ့ခင်းဘက်တွေ့တုန်းက မိန်းမရုပ်ထုက မဲနက်လို့နေသည်... အခု ညမှာတော့ မိန်းမရုပ်ထုက စိမ်းဖန့်ဖန့်အလင်းတွေထွက်နေသည်ကို တွေ့ရသဖြင့် ခက်ဇော် အံ့သြနေသည်..။

"မင်း အံ့သြနေသလား ငါ့မောင်..... မင်းအရင်တစ်ခေါက်လာတုန်းက ဇော်ဂနက်မယ်တော်ကြီး ရုပ်ထု ကို တွေ့သွားတာ ငါသိတယ်...အခု မယ်တော်ကြီးက အစိမ်းရောင်ဖြစ်နေလို့ မင်းအံ့သြနေတာမဟုတ်လား.. မအံ့သြပါနဲ့ကွာ... သာမန်လူတွေကြည့်လို့သာ အနက်ရောင်ဖြစ်တာ...စုန်းပညာသည်ခြင်းကြည့်ရင်.. အရောင်မတူဘူး... မင်းက ပညာသင်ဆိုပေမယ့် ခုန တံစက်ပြန်ရေအစွမ်းနဲ့ ဒီလိုမြင်ရတာပါ.."

ခင်သုန်ရှင်းပြမှ ခက်ဇော် သဘောပေါက်သွားသည်။

ဒါဆို ခင်သုန်ကို သူစိမ်းပုပ်ပုပ်အရောင်ကြီး မြင်နေတာ တံစက်ပြန်ရေတန်ခိုးပေါ့.......။

"လာ ဒီရှေ့မှာ ဒူးထောက်.............."

ဇော်ဂနက်မယ်တော်ရုပ်ထုရှေ့မှာ ခက်ဇော် ဒူးထောက်လိုက်သည်။

ခင်သုန်က သူမွတ္တင်ပါလာသော တံခွန်တိုင်လေးများကို ဇော်ဂနက်မယ်တော်ရုပ်ထုရှေ့ရှိ အမွှေးတိုင် အိုးတွင်ထိုးစိုက်လိုက်သည်။

ပြီးနောက် လောပန်အမွှေးခဲ(၁)ခဲကို မီးရှို့ပြီး အိုးထဲ ပစ်ထည့်လိုက်သည်..။

ခင်သုန်က ဇော်ဂနက်မယ်တော်ကြီးရုပ်ထု၏ အောက်ပိုင်းတွင် ပက်ထားသော ထမီစ အား ဖြဲယူလိုက်သည်။

"မင်း မျက်စိမှိတ်ထား......ခက်ဇော် မင်းရဲ့မျက်စိ နှစ်လုံးကို အခုချိန်က စပြီး ဇော်ဂနက်မယ်တော်ကြီးရဲ့ ထမိန်နားအောက်ကို ပို့ဆောင်လိုက်ပြီ............ မင်း မျက်စိ နှစ်လုံးဟာ ဇော်ဂနက်မယ်တော်ကြီးရဲ့ ပိုင်ရှင်ဖြစ်သွားပြီ..."

ခင်သုန်က ပြောရင်းဖြင့် ထမီစကို ခက်ဇော်မျက်လုံးနှစ်ဖက်တွင် ပတ်စည်းလိုက်သည်..။

ထမီစပတ်စီးခံလိုက်ရသဖြင့် ခက်ဇော်စိတ်ထဲ တစ်မျိုးတော့ဖြစ်သွား၏။

"ကဲ..အခုမှတော့ ဘာမှမတွေးနဲ့တော့ ငါ့မောင်...မသုန် အတန်တန်တားတဲ့ကြားက မင်းဒီလမ်းကို ရွေးခဲ့တာ...မင်းစခဲ့ပြီးပြီ .ဆက်မလျှောက်ရင်တော့.........မင်းဒုက္ခတွေ့လိုက်မယ်"

မျက်လုံးကို ထမီစ အစီးခံပြီးနောက် အခန်းထဲမှာ တိတ်ဆိတ်သွားသည်။

ခက်ဇော် မျက်လုံးတွေကို ဖွင့်ကြည့်လိုက်သည်။

ဇော်ဂနက်မယ်တော်ကြီးက သူ့ကို စိုက်ကြည့်နေသည်။

သူ့ညာဘက်ဘေးတွင် နဖူးမောက်မောက် နှင့် လူ(၁၀)ယောက်။

.သူတို့မျက်နှာတွေမှာ နဖူးတွေကမောက်ထွက်နေပြီး မျက်လုံးတွေက အထဲသို့ပင်ဝင်နေသည်။

အင်္ကျီအဝတ်အစားမပါသော်လည်း ကိုယ်လုံးက ဘာမှမရှိဘဲ ပြောင်ချောကြီးတွေဖြစ်နေသည်။

အရောင်က ညှိုပုပ်ပုပ်....။

ဘယ်ဘက်ဘေးတွင်တော့ နဖူးပြင် ပြားချပ်နေသည့် ကြောက်မက်ဖွယ် မျက်နှာမှာ မညီမညာ သွားများ ခေါထွက်နေသည့် လူ(၅)ယောက်လောက်ကို တွေ့ရပြန်သည်။

ခက်ဇော်က ခင်သုန်မျက်နှာကိုလှမ်းကြည့်လိုက်သည်။

ခင်သုန်၏ မျက်နှာက ချောမောလှပနေသော်လည်း မျက်လုံးတွေက အဖြူဆံတွေချည်းဖြစ်နေ၏။

ခင်သုန့်ဘေးတွင် ခင်သုန်ကဲ့သို့ မျက်လုံး အဖြူဆန်နှင့် အမျိုးသမီး(၃)ယောက်နှင့် ပိန်ပိန်ပါးပါးလတ်လတ်ယောကျ်ားတစ်ယောက်..ရပ်နေသည်။

သူတို့အကြည့်တွေအားလုံးက ခက်ဇော် မျက်လုံးတည့်တည့်ကို ကြောက်မက်ဖွယ်ရာ စိုက်ကြည့်နေကြသည်…။

ခက်ဇော် စိတ်ကို တင်းနေအောင်ထားပြီး.. သူတို့အားလုံးကို ခပ်စိမ်းစိမ်း ပြန်စိုက်ကြည့်လိုက်သည်….။

"မင်းတော်တယ် ခက်ဇော်"

မမခင်သုန်က အခုမှ သူ့မျက်လုံးတွေစီးထားသော ဇော်ဂနက်ထမီစကို ဖြည်ပေးလိုက်ခြင်းဖြစ်သည်.. ဒါဆိုခုနက…

"အေး ဒီအဆင့်ကတော့ ဇော်ဂနက်မျက်ကွင်းလိမ်းတာပဲ..ဇော်ဂနက်မယ်တော်ကြီးရဲ့ ထမီစမှာ အစီအရင်အင်းတစ်ခုကို ရေးထားတယ်.. ပြီးတော့ မင်းမျက်နှာကို စည်းလိုက်တဲ့အချိန်မှာ… မသုန် တို့ စုန်းလောကရဲ့ သက်ဆိုင်ရာနယ်မြေ အပိုင်အဆင့်တွေအကုန်လုံးကို မင်းမြင်ရတယ်.. သူတို့က မင်းကို စုန်းပညာသင်ပေး ဖို့ အရည်အချင်းရှိ မရှိ လာအကဲဖြတ်တာပဲ….

မင်းမြင်ခဲ့တာက အဆင့်မြင့်စုန်းပညာရှင်တွေဖြစ်တဲ့ မောက်လုံး မောက်ပြား နဲ့ ဆယ့်နှစ်ကြိုးကဝေ တို့ရဲ့ မူလပညာပရမတ်ရုပ်တွေပဲ…..မင်းလည်း ဒီပညာခန်း အဆင့်ဆင့်ကို (၆)နှစ်အတွင်းလေ့ကျင့်ပြီး (၁၂)ကြိုးအဆင့်ရောက်ရင် မသုန် တို့လို မူလပညာပရမတ်ရုပ်တွေ ဖြစ်လာလိမ့်မယ်"

“ကဲ……….ဘယ်လိုလဲ..စုန်းဖြစ်ချင်သေးလား..ငါ့မောင်…"

.ခင်သုန်က စကားတင်းတင်းပြောနေသော်လည်း ခက်ဇော်ကို စိုက်ကြည့်နေသည့် မျက်လုံးများက အရည်လဲ့နေသည်။

"မင်း…မိုက်လိုက်တာ မောင်လေးရယ်…"

ခင်သုန့် အသံက ရှိုက်သံပါလာသည်။

ခက်ဇော်က  ခင်သုန်ကို စိုက်ကြည့်နေမိသည်။

ခင်သုန် ရင်ခွင်ထဲ ခက်ဇော် ကလေးလေးတစ်ယောက်လို တိုးဝင်မိသည်။

ကြုံရသည့်အဖြစ်များက သူ့ကို သွေးပျက်စေသည်မဟုတ်လား။

"မင်း..မင်း..စုန်းမဖြစ်ရဘူး…မောင်…. မင်းကို မမသုန် လူမိစ္ဆာဖြစ်ခွင့် မပေးနိုင်ဘူး"

"ဟာ မမသုန်.. အဲ့လိုမလုပ်နဲ့လေ.. စည်းကမ်းကို ဖောက်ဖျက်တဲ့ စုန်း ပညာသင်ကို ချိုးဖောက်တဲ့ စုန်း ဟာ ဝိညာဉ်နှုတ်ခံရတယ်ဆို…မမ မလုပ်ပါနဲ့ဗျာ..ကျွန်တော့်ဘာသာ ဘာဖြစ်ဖြစ်..မမ ဘာမှမဖြစ်ဖို့လိုတယ်.. နော်..မမသုန်……ကဲ့ ပညာရပ်နောက်တစ်ခန်း ဆက်တက်မယ်..ကျွန်တော့်အတွက် စခဲ့ပြီးပဲ..ခုန မမ သုန်ပြောသလိုပေါ့"

ခင်သုန်က မျက်ရည်တွေကို သုတ်လိုက်သည်…။

"မငိုနဲ့ မမသုန်..ကျွန်တော်တို့ အတူတူ ကျော်ဖြတ်ကြတာပေါ့"

ခင်သုန်က မျက်ရည်တွေကို သုတ်လိုက်သည်။

အိမ်လှေကားအတိုင်း ဆင်းလာပြီးနောက်…….ခင်သုန် အိမ်နောက်ဘေးခြံဝန်း ဘက်သို့ ပြန်လျှောက် သွားသည်။

အိမ်ခြံဝန်းအနောက်ဘက်တွင် တံခါးတစ်ပေါက်ရှိနေသေးသည်…..

ခင်သုန်က တံခါးကို ဖွင့်လိုက်တော့ ဟို လယ်ကန်သင်းတော တစ်မျှော်တစ်ခေါ် ကြီးကို မြင်ရသည်..

"ကဲ…မောင်လေး…အခုည(၂)နာရီထိုးပြီ……ဟိုးအနောက်ဘက်တည့်တည့်ကို တွေ့လား..လယ်ကွင်းတွေ.. အဲ့ဒီ လယ်ကွင်း တွေအတိုင်း အနောက်ဘက်တည့်တည့်ကို ရောင်နီမပြို့ခင် မင်းပြေးရမယ်.. ဟော့ဒီတံခွန်တိုင်လေးချောင်းကို မင်း လက်ကလည်း ကိုင် သွားရမယ်… လမ်းမှာ ဘာတွေ့တွေ့ ဘာမြင်မြင် မင်းမရပ်ရဘူး…ရပ်တာနဲ့ မင်းအတွက် အန္တရာယ်ရှိတယ် …အနောက်ဘက်တည့်တည့်ပြေးရင်း တစ်နေရာမှာ ဖယောင်းတိုင်ခုနစ်တိုင်ထွန်းထားတဲ့ ဇကောတစ်ချက် တွေ့ရလိမ့်မယ် .. အဲ့ဒီဇကောထဲမှာ မင်းဟိုတစ်နေ့က…. မသုန်အိမ်ရှေ့ကိုလာပေးသွားတဲ့ ဇလုံနဲ့ စားဖွယ်သောက်ဖွယ်တွေတွေ့ရမယ်….

ဒီတံခွန်တိုင်လေး (၄)ချောင်းကို အဲ့ဒီ ဇကောရဲ့ အရပ်လေးမျက်နှာမှာ မင်းစိုက်ပြီး တာနဲ့… ဇလုံထဲက ထမင်းကို မင်းကုန်အောင်စားရမယ်.. ဒီပညာရပ်ဟာ စုန်း ပညာရဲ့ ပထမကြိုးပဲ ပထမအဆင့်ပေါ့ကွာ.. ဒီလကွယ်နေ့ရဲ့ နောက်ဆုံး သင်ခန်းစာလည်းဖြစ်တယ်.. နောက်လကွယ်နေတွေမှာမှ ဒုတိယကြိုးအဆင့်တွေ တက်မယ်…. ကဲ………….. ပြေးတော့..မောင်လေး…."

လမိုက်ည အမှောင်ထဲတွင် ခင်သုန်လက်ညှိုးထိုးပြရာလယ်ကွင်းတွေဘက်သို့ ခက်ဇော် အပြေးထွက် သွားသည်…..။

တစ်ရေးရေး ဝေးသွားသော ခက်ဇော် ၏ ကျောပြင်ကို ရီဝေသော မျက်လုံးအစုံဖြင့် စိုက်ကြည့်ကာ ခင်သုန် သက်ပြင်းချလိုက်သည်………။

( ၁၀ )

မှောင်မဲနေသည့် လယ်ကွင်းတွေထဲ ခက်ဇော် ပြေးလာတာ အတော်ခရီးပေါက်ပြီ..

တစ်နေရာအရောက်တွင် အမေက မတ်တပ်ရင်းရင်း ခက်ဇော်ကို လှမ်းခေါ်နေတာ တွေ့ရသည်.. ခက်ဇော် အမေ့ဆီ သွားဖို့ ပြင်လိုက်သည်။

“ဟင်..အမေက သူများပြုစားလို့ ဆုံးသွားတာကြာပြီပဲ”

သတိပြန်ဝင်လာပြီး ဆက်ပြေးသည်။

အမေသည် ရုတ်တရက် ခွေးနက်ကြီးဖြစ်သွားပြီး ခက်ဇော် နဘေးက ပြေးလိုက် လာသည်။

တစ်ချက်တစ်ချက် ခက်ဇော် လက်မောင်းကို လှမ်းဟပ်မလို လုပ်သေးသည်။

ခက်ဇော် မျက်စိမှိတ်ပြီး အနောက်ဘက်ကို မှန်းကာ ဆက်ပြေးသည်။

မောနေပြီ….ချွေးများရွှဲနစ်နေပြီ…………..။

ပြေးနေရင်း ခက်ဇော်ရှေ့တွင် အမွေးများဖြင့် ထူပိန်းနေသော ထန်းပင်အမြင့်ရှိ ခြေထောက်မဲမဲအရှည်ကြီးတစ်ချောင်း ကို တွေ့ရသည်။

ခက်ဇော် မော့မကြည့်ရဲ.......ခြေထောက်ခွကြားမှ ဝင်ပြေးသည်... နောက်က ခြေတံရှည်ကြီး လိုက်လာ သံကြားရသည်....

ခြေတံရှည်ကြီး အသံက တဖြည်းဖြည်း ဝေးဝေးကျန်ခဲ့သည်။

ပြေးနေရင်း သူ့ရှေ့တွင် ထမိန်စတစ်ခု တလွှလွှလွင့်လာသည်ကို မြင်ရပြန်သည်။

မိန်းမတစ်ယောက်.....လေထဲတွင် ထမီတလူလူ ဆံပင်ဖားလျားဖြင့် ပျံသန်းနေသည်။

မိန်းမ က သူနှင့်အနီးကပ်ပျံသန်းနေသဖြင့် မိန်းမ၏ ထမီစများက သူ့မျက်နှာကို တစ်ချပ်ချပ် လာရိုက်ခတ်သည်..ညှီစို့စို့ပုပ်အက်အပ်အနံ့ဆိုးကြီးလည်း ထိုမိန်းမဆီက ရနေသည်။

ပြေးနေရင်း သူ့အပေါ်က ကပ်လျက် လိုက်ပျံနေသော မိန်းမကိုကြည့်လိုက်သည်။

"ဟင်..."

သူ မမသုန် အိမ်ပေါ်တွင် တွေ့ရသော ဇော်ဂနက်မယ်တော်ကြီး။

ခက်ဇော်မျက်စိမှိတ်ဆက်ပြေးသည်။

တွေ့ပါပြီ..............ရှေ့က ကုန်းကမူလေးတွင် ဖယောင်းတိုင်....ထွန်းထားသည့် စကောတစ်ချပ်။

ခက်ဇော် တော်တော်မောနေပြီ။

စကောထဲတွင်တော့........မွှေးပျံနေသည့် ထမင်းနှင့် ကြက်ကောင်လုံးကြော် ၊ ဝက်သားတုံးကြီးများ စားချင်စဖွယ်။

ခက်ဇော် ရေဆာလာသည်.........ရေမရှိ.....။

ဗိုက်ဆာလာသည်။

လက်ထဲတွင် ကိုင်လာသည့် တံခွန်တိုင်(၄)ချောင်းကို ဇကောပတ်လည်တွင် ထိုးစိုက်လိုက်သည်...။

ပြီးနောက်.......ဇလုံထဲက ထမင်းကို စားရန်ပြင်လိုက်စဉ်............

"မောင်လေး..............မစားနဲ့"

"ဝုန်း"

ဘယ်ကနေပေါ်လာမှန်းမသိသော ခင်သုန်က ဇကောရှေ့တည့်တည့်မှ ပေါ်လာကာ ခက်ဇော်ကို လက်ညှိုးထိုးအော်လိုက်သည်။

ခက်ဇော် တံခွန်တိုင်လေးချောင်းထောင်ထားသော စည်းဝိုင်းအတွင်းမှ လွင့်ထွက်သွား၏။

ရုတ်တရက် တံခွန်တိုင်လေးတိုင်သည် ကောင်းကင်ပေါ်မြောက်တက်သွားပြီး မီးလုံးကြီးတွေအဖြစ် ပြောင်းသွားသည်။.

"မောင်လေး....ရှေ့ဘက်ကို ပြေး.....နောက်လှည့်မကြည့်နဲ့...ပြေး"

ခင်သုန်အသံကြောင့် ခက်ဇော် သတိဝင်လာကာ ခင်သုန်လက်ညှိုးညွှန်ရာဘက်သို့ ဆက်ပြေးတော့ သည်။

ရုတ်တရက် မီးခိုးငွေ့များ ခင်သုန့်ခန္ဓာကိုယ်မှ ထွက်လာကာ မီးလုံးကြီးအဖြစ် ပြောင်းသွားသည်...။

ခင်သုန် စည်းဖောက်ပြီ။

ဇော်ဂနက်မယ်တော်ကြီး၏ အစေအပါးပါးကွက်သားများက ခင်သုန့်ကို ဝိညာဉ်ကို ဝိုင်းနှုတ်ယူနေကြသည်။

ခင်သုန် ကလည်း စုန်းတောက်အဖြစ်ပြောင်းပြီး ပြန်တိုက်ခိုက်သည်။

လမိုက်ညကောင်းကင်ယံတွေ မီးလုံးကြီး(၅)လုံး လုံးထွေးနေကြသည်။

မီးလုံးကြီး (၂)လုံး မြေပြင်ပေါ်သို့ ထိုးကျသွားသည်.။

မီးလုံး (၁)လုံးနောက်သို့ ကျန်သည့် မီးလုံး(၂)လုံးက အရှိန်ဖြင့်လိုက်လာသည်။

မကြာမီ..............

အစိမ်းရောင်တောက်ပနေသော ရောမ မီးလုံးကြီးတစ်လုံး ကောင်းကင်ပေါ် ထိုးတက်လာပြီး...ခင်သုန် အသွင်ပြောင်းထားသော စုန်းတောက်မှာ.......မီးလုံး(၃)လုံး၏ ဝိုင်းဝန်း တိုက်ခိုက်မှုကြောင့် မြေကြီးပေါ်ထိုးကျသွားလေသည်.........။

( ၁၁ )

ရောင်နီပြို့ပြီ.............

ထနောင်းရိပ်လမ်းလေး၏ ရှေ့တွင် မှောက်ခုံလဲ သတိမေ့နေသော ခက်ဇော် အားရွာလူငယ်တစ်ချို့က လှည်းဖြင့် တင်လာပြီးဝင်းထိုက် တို့အိမ်ကို ပို့ပေးကြသည်...

အာကာ ရဲဖြိုး ဝင်းထိုက်တို့ တစ်မိသားစုလုံးနှင့် ရွာသူရွာသားတစ်ချို့..ခက်ဇော်ဘေးတွင် ဝိုင်းနေကြသည်။

ညက ဘာဖြစ်ခဲ့သည် မသိကြ....။

"မမခင်သုန်...မမ"

ခက်ဇော် သတိရလာသည်..........

"မမသုန်..မမသုန်ရော"

"ဟော့ရောင် ခက်ဇော်..မင်း ဘာဖြစ်တာလဲ..ညက ဘယ်သွားတာလဲ"

"မမခင်သုန်...မမခင်သုန်"

ခက်ဇော် ထပြီး ပြေးသည်။ သူ့နောက်က ဝင်းထိုက်တို့နှင့် ရွာသားများလည်း ပြေးလိုက်ကြသည်။

ခင်သုန်တို့အိမ်ခြံဝင်းတံခါးက ပွင့်နေသည်။ ခက်ဇော်အိမ်ထဲဝင်လိုက်တော့ အနောက်ကလူတွေ တန့်သွားကြသည်။ ဝင်းထိုက်က ဦးဆောင်ဝင်လိုက်သည့် အခါမှ ကျန်တဲ့သူများလည်း လိုက်ဝင်ကြသည်။

ခက်ဇော်က ညက သူပြေးခဲ့သော အိမ်နောက်ဘေးအပေါက်ဆီသို့ သွား၏။ ထို့နောက် အနောက်ဘက်တန်းတန်းသို့ ပြေးတော့သည်။

ရောက်ပါပြီ..............ည က သူ အသဲအသန်ပြေးခဲ့ဂသော ပန်းတိုင်နေရာ။

သို့သော် ညကနှင့်မတူတော့။

ညက သူရောက်ခဲ့သောနေရာမှာ မှတ်တိုင် ကျို့တို့ကျဲတဲများနှင့် သင်္ချိုင်းတစ်ခုဖြစ်နေသည်။

မြေပုံမို့မို့တစ်ခုထက်တွင်..........ဇကောတစ်ချပ်..ပြီးတော့ ဇလုံတစ်လုံး။

ဇလုံးထဲတွင် မစင်တုံးများ... ပက်ကျိများ......လောက်ကောင်တွေတဖွားဖွားနှင့်။

ဒါဆို ညက ညက သူမြင်ခဲ့တာတွေက။

.သူစားမလို့လုပ်ခဲ့တာတွေက.....။

ခက်ဇော် ကြာကြာမတွေးနိုင်...............။

ဇကောနှင့် ခပ်လှမ်းလှမ်းတွင် ခင်သုန် လဲကျနေသည်ကို မြင်လိုက်ရသည်။

ခင်သုန်ကို ခက်ဇော်ပြေးပွေ့လိုက်သည်။

သွားပြီ...............ခင်သုန်က ပြုံးပြုံးလေး လဲကျနေသည်။

ခက်ဇော်အတွက်..... သူ ဝိညာဉ်အနူတ်ခံလိုက်ရသည်ကို ကျေနပ်နေသလိုပင်။

"မမ ခင်သုန်......................."

ခက်ဇော်က ပါးချင်းကပ်ပြီး အကျယ်ကြီး အော်ပစ်လိုက်သည်..။

ပြန့်ကျဲနေသော.ဇကောတစ်ချပ်ထဲမှ မစင်များ.... လောက်ကောင်များ ကို တစ်လှည့်....

မြေကြီးပေါ်တွင် လဲနေသော ဆယ့်နှစ်ကြိုးကဝေစုန်းမလေး ခင်သုန် ကို တစ်လှည့်..

ခင်သုန်ကို ဖက်ပြီး ငိုနေသော မန္တလေးတက္ကသိုလ်ကျောင်းသား ခက်ဇော် ကိုတစ်လှည့်.......

ရွာသားများက နားမလည်နိုင်စွာ ကြည့်နေကြသည်။

ရုတ်တရက်............

ခင်သုန်..... မျက်စိပွင့်လာသည်.....

သို့သော်....ခင်သုန်၏ မျက်စိသည် မျက်စံမပါ..အဖြူထည်ကြီးမို့.........။

"အားးးးးးးးးးးးးးးးးးးးးးးးးးးးးးးးး"

ရွာသားများ လန့်ပြီး နောက်ဆုတ်လိုက်ကြသည်။

မျက်လုံးများ ပြန်မှိတ်ပြီးနောက်..ခင်သုန် ဇာတ်ကျိုးကျသွားတော့၏။

.........................................................

ပြီးပါပြီ ။